မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၃ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးရဲနိုင် | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) ဦးခင်ဇော် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) ဒေါက်တာကျော်မိုးဦး | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၄) ဒေါက်တာအေးအေးမြင့် | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၅) ဒေါက်တာအေးအေးထွန်း | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၆) ဒေါက်တာအောင်မြတ်ကျော်စိန် | ပါမောက္ခချုပ် မော်လမြိုင်တက္ကသိုလ် ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

## တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | နေပြည်တော်ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

(ငှ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဌ) ဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ဍ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဏ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(တ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ပ) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း

(ဖ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**လုပ်ငန်းတာဝန်များ**

၂။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းများကို အပြန်အလှန်အကျိုးရှိရှိဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် အထွေထွေ အလေ့အထနှင့် အဓိကကျသောကိစ္စရပ်များကို အဆိုပြုခြင်းနှင့်လေ့လာခြင်း၊ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် အထောက်အပံ့ပြုနိုင်သော မူဝါဒများပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် နားလည်မှုစာချွန်လွှာကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံအတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ခြင်း၊

(ဂ) အမိကစီမံချက်များနှင့် လုပ်ငန်းကဏ္ဍများကို ဆုံးဖြတ်ခြင်း၊

(ဃ) ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ဖန်တီးရေးနှင့် လျင်မြန်ချောမွေ့စေရေးအတွက် စေ့စပ်ညှိနှိုင်းခြင်းဖြင့် ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်း၊ နှစ်ဦးနှစ်ဖက် စံချိန်စံညွှန်းနှင့် အရည်အသွေး အသိအမှတ်ပြုရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(င) စီးပွားရေးစကြံ့ဖွံ့ဖြိုးတိုးတက်ရေးတွင် နှစ်ဖက်စလုံးမှ ပြည်သူလူထုပါဝင်ရေးကို အားပေးဆောင်ရွက်ခြင်း၊

(စ) စီးပွားရေးစကြံဆိုင်ရာ လုပ်ငန်းတိုးတက်မှုအခြေအနေကို နှစ်ဖက်စလုံးမှ အစိုးရများသို့ အစီရင်ခံခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၈၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း မှ အဆက် ]**

## ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း

၈၅။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေများတွင် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည် -

(၁) ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ တောင်းဆိုသည့်စာကို လက်ခံရရှိလျှင် သို့မဟုတ်

(၂) အစီအစဉ်ပါ စည်းကမ်းချက်များ၏ အမိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက်ရှိသည် သို့မဟုတ် ချိုးဖောက်ရန်အလားအလာရှိသည်ဟု အစီအစဉ်ကြီးကြပ်သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်လျှင်။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူက အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) နည်းဥပဒေတွင် ဖော်ပြထားသည့်နည်းလမ်းများအတိုင်း မြီရှင်များ၏ အစည်းအဝေး ကျင်းပမည့် အကြောင်းကြားစာ ပေးပို့ရမည်၊

(၂) မြီရှင်များထံသို့ ပေးပို့သည့်အကြောင်းကြားစာတွင် အဆိုပြုပြောင်းလဲလိုသည့် အစီအစဉ်မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည် -

(ကက) မည်သည့်အတွက် ထိုသို့ပြောင်းလဲပြင်ဆင်ကြောင်းရှင်းလင်းချက်၊

(ခခ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ်ကြီးကြပ်သူ၏ ထင်မြင်ချက်၊

(ဂဂ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ယူဆရသည့် အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့်ပြောင်းလဲမှုသည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ မရှိ။

(ဂ) နည်းလမ်းတကျကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ထပ်ဆင့်မဲအများစုရရှိပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်းမဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေးသဘာပတိသည် အစီအစဉ်ကိုရပ်စဲရန် မဲခွဲဆုံးဖြတ်မည့်အစည်းအဝေးကို ထပ်မံကျင်းပရမည်။

(စ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ထပ်ဆင့်မဲအများစုရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) အစီအစဉ်ရပ်စဲရန် အတည်မပြုနိုင်ပါက ကုမ္ပဏီသည် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပြီး ဤအစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၈၇ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အခွင့်အရေးသည် ဆက်လက်တည်ရှိနေရမည်။

(ဈ) အစီအစဉ်ရပ်စဲရန်ဆုံးဖြတ်ခဲ့ပါက ကုမ္ပဏီသည် ပုဒ်မ ၈၈ နှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များအစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

(ဋ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

(ဌ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင် ကုမ္ပဏီ၏ မြီရှင်တစ်ဦးသည် ထိုသို့ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှုရှိစေရန်အလို့ငှာ ထိုပြောင်းလဲပြင်ဆင်ချက်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

**ရည်ရွယ်ချက်မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း**

၈၆။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၈၅၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှုမပြုလုပ်ခဲ့လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်အခြေအနေများဖြစ်ပေါ်လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအချက်များအရ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည် -

(၁) အစီအစဉ်ကြီးကြပ်သူက ချိုးဖောက်မှုသည် အရေးပါသောချိုးဖောက်မှုဟု ယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့်အချိန်ကာလတစ်ရပ် ကုန်ဆုံးသွားလျှင် သို့မဟုတ်

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ၊ မြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ အစည်းအဝေးခေါ်ယူပေးရန် တောင်းဆိုလျှင်။

(ဂ) အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိက ပြန်လည်ထူထောင်ရေးအစီအစဉ်ရပ်စဲရန် မဲခွဲဆုံးဖြတ်ဆောင်ရွက်ရမည်။

(ဃ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သောမဲအများစုအရေအတွက်သည် ပုဒ်မ ၈၅၊ ပုဒ်မခွဲ (စ) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

(င) အကြောင်းကြားစာပေးပို့ခြင်းကို ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း**

၈၇။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများတွင် သက်ဆိုင်သည် -

(၁) အစီအစဉ်ကို ချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ သို့မဟုတ် ဘဏ္ဍာရေး အခြေအနေတို့နှင့်သက်ဆိုင်သည့် အရေးပါသောအချက်အလက်များကို မြီရှင်များထံပေးပို့ရာတွင် မှားယွင်း၍ဖြစ်စေ၊ လွဲမှားစေရန် ရည်ရွယ်၍ဖြစ်စေ၊ ဆုံးဖြတ်ရန် အရေးပါသည့် အချက်အလက်ကို ထိမ်ချန်၍ဖြစ်စေ သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်စဉ်က အကြီးအကျယ်နည်းလမ်းမကျခဲ့လျှင်ဖြစ်စေ၊ ကြီးမားသော ဆန့်ကျင်ဆောင်ရွက်မှုပြုလျှင်ဖြစ်စေ သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန်ဆုံးဖြတ်ခဲ့စဉ်က ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူများ၏ ဆက်နွယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ်ခဲ့လျှင်ဖြစ်စေ၊

(၄) စာချုပ်ပါစည်းကမ်းချက် တစ်ချက် သို့မဟုတ် တစ်ချက်ထက်ပိုသောအချက်များသည် မြီရှင်တစ်ဦး သို့မဟုတ် အများကို မမျှမတဘက်လိုက်လျှင် သို့မဟုတ် မမျှမတအဆင့်အတန်းခွဲခြားလျှင် သို့မဟုတ် ကုမ္ပဏီမြီရှင်အားလုံး၏အကျိုးကို ဆန့်ကျင်နေလျှင်ဖြစ်စေ သို့မဟုတ်

(၅) လိုက်နာရန်တာဝန်ရှိသူတစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှုပြုလျှင်ဖြစ်စေ သို့မဟုတ်

(၆) မသင့်လျော်သောနှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှုမဖြစ်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရန်မဖြစ်နိုင်လျှင်ဖြစ်စေ သို့မဟုတ်

(၇) အစီအစဉ်ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ၎င်း၏တာဝန်များကို ဆန့်ကျင်ဆောင်ရွက်လျှင်ဖြစ်စေ။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ဃ) ပါ အခြေအနေမှလွဲ၍ ကုမ္ပဏီ၏သဘောတူစာချုပ်များ ရပ်စဲမှုသည် ယခင်သဘောတူစာချုပ်အရ ဆောက်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက သဘောတူစာချုပ်တစ်စုံတစ်ရာအား ရပ်စဲကြောင်းအမိန့်ချမှတ်သည့်အခါ အစီအစဉ်အရ ရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန်လိုအပ်သည်ဟု ထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲအမိန့်များလည်း ချမှတ်နိုင်သည် -

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရ ချုပ်ဆိုသည့် ပဋိညာဉ်ကိုဖြစ်စေ ချီးဖောက်သူတစ်ဦးဦး သို့မဟုတ်

(၂) ကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူ တစ်ဦးဦး။

( င ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟု ယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကို စတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

## အခန်း (၆)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း

### စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့်အခြေအနေ

၈၈။ (က) အောက်ပါအခြေအနေများတွင် ကုမ္ပဏီသည် မြီရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည် -

(၁) မြီရှင်များသည် ပုဒ်မ ၈၅ နှင့် ပုဒ်မ ၈၆ အရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ဆုံးဖြတ်လျှင် သို့မဟုတ်

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အစီအစဉ် တို့အား စတင်နိုင်ခြင်းမရှိဘဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် ပြီးဆုံးသွားခြင်း သို့မဟုတ် ပုဒ်မ ၇၅ တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်ထူထောင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ်

(၃) ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) အရ ပြုလုပ်သောအစည်းအဝေးတွင် မြီရှင်များက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်လျှင် သို့မဟုတ်

(၄) ပုဒ်မ ၈၇ အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် တရားရုံးမှ ဆုံးဖြတ်လျှင်။

( ခ ) ဖျက်သိမ်းခြင်းသို့ ကူးပြောင်းချိန်တွင် မြီရှင်များက အခြားသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း မရှိလျှင် ဖျက်သိမ်းခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေး မန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက် ဆောင်ရွက်ရမည်။

( ဂ ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်း ပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ ကူးပြောင်း ကြောင်းကို စာဖြင့်ရေးသားအကြောင်းကြားရမည်။ ထို့ပြင် အဆိုပါ အကြောင်းကြားစာကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်အား ဆောင်ရွက်နေသော ကုမ္ပဏီအနေဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေတွင် သတ်မှတ်ဖော်ပြနိုင်သည်။

## အခန်း(၇)

## အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

### မမှန်မကန်တင်ပြခြင်း

၈၉။ အဆိုပြု ပြန်လည်ထူထောင်ရေးအစီအစဉ် အတည်မဖြစ်စေကာမူ ကုမ္ပဏီ၏ အရာရှိတစ်ဦးသည် အဆိုပါ အစီအစဉ်အတည်ဖြစ်စေရန်အတွက် ကုမ္ပဏီမြီရှင်များ၏ သဘောတူညီချက်ကို ရရှိစေရန်

ရည်ရွယ်ချက်ဖြင့် အောက်ပါပြုလုပ်မှုတစ်ခုခုကိုပြုလျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ငွေကျပ် နှစ်ဆယ့်ငါးသိန်းထက်မပိုသောဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည် -

(က) မမှန်မကန်တင်ပြခြင်း သို့မဟုတ်

(ခ) လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ပြုလုပ်ရမည့်ကိစ္စကို ပြုလုပ်ရန်ပျက်ကွက်ခြင်း။

**ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်**

၉၀။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအား ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စရပ်များနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲငယ် (က) နှင့်ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည် -

(၁) စာဖြင့် ရေးသားသော အကြောင်းကြားစာ၏ ပုံစံ၊

(၂) ဆက်နွယ်သည့် ပုဂ္ဂိုလ်များနှင့်

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်တင်ပြရန် တာဝန်ရှိသူသည် စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာလက်ခံရရှိပြီး ၂၁ ရက်အတွင်း ထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) တစ်စုံတစ်ဦးသည် ဤပုဒ်မအရ တင်ရှိသောတာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် ငါးသိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**မြို့ရှင်များမှ စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်ရှိခြင်း**

၉၁။ (က) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြို့ရှင်နှင့်ကြွေးမြီဆပ်ရန်တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်း မရှိစေရ -

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

## အပိုင်း (၆)

## မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံခြင်း

### အခန်း (၁)

### မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမွဲခံခြင်းလုပ်ငန်းစဉ်၏ သဘောသဘာဝ

**ဤအပိုင်းနှင့် သက်ဆိုင်ခြင်း**

၉၂။ (က) ဤအပိုင်းသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်စေရမည်။

(ခ) ဤအပိုင်းပါ **လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု** တွင် အောက်ပါတို့ပါဝင်သည် -

(၁) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသည့် မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၇) အရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့် မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်း ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များဖြစ်ပါက အပိုင်း (၈) အရ လူမွဲခံခြင်း။

(ဂ) ဤအပိုင်းပါ **အပိုင်း (၆) လုပ်ငန်း** ဆိုသည့်စကားရပ်သည် **မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်း** ကို ဆိုသည်။

## ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ

၉၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ-

(က) ဤအပိုင်းပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းအဆင့်များ ပါဝင်သည် -

(၁) အပိုင်း (၆) လုပ်ငန်း ကယ်ဆယ်ခြင်းအဆင့်၊

(၂) အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်။

ဤအပိုင်းတွင် **အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်** နှင့် **အပိုင်း (၆) လုပ်ငန်းအစီအစဉ် အဆင့်** တို့သည် **အပိုင်း(၆) လုပ်ငန်းပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်** ကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

ရှင်းလင်းချက် (၁)။ အပိုင်း(၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေး အတွက် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေပြီး အပိုင်း (၆) လုပ်ငန်း၏ ရှေ့အလားအလာနှင့်ပတ်သက်၍ မြီရှင်များက ဆုံးဖြတ်ခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်တွင် မြီရှင်များက အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ဆုံးဖြတ်ပြီး အကောင်အထည်ဖော်ခြင်း ပါဝင်သည်။

(ခ) **အပိုင်း (၆) လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်** သည် ပြန်လည်ထူထောင်ရေးအကြံပေးကို ပုဒ်မ ၁၀၁ နှင့်အညီ ခန့်အပ်သည့်အချိန်တွင် စတင်ပြီး အောက်ပါအခြေအနေများတွင် ပြီးဆုံးသည် -

(၁) အပိုင်း (၆) လုပ်ငန်းအစီအစဉ် စတင်သည့်အဆင့် သို့မဟုတ်

(၂) အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်ကို ဆောင်ရွက်ခြင်းမရှိလျှင် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်း စတင်သည့်အဆင့်။

(ဂ) **အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်** သည် ထိုအစီအစဉ်ကို ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (င) နှင့်အညီ လက်မှတ်ရေးထိုးချိန်တွင် စတင်ပြီး အောက်ပါအခြေအနေတွင် ပြီးဆုံးသည် -

(၁) ပုဒ်မ ၁၃၅ အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ ပေးပို့ပြီးလျှင် သို့မဟုတ်

(၂) ပုဒ်မ ၁၃၈ နှင့်အညီ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရပ်စဲရန် အမိန့် ချမှတ်ထားပြီးဖြစ်လျှင် သို့မဟုတ်

(၃) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်မပြုရန် မြီရှင်များက ဆုံးဖြတ်လျှင်။

(ဃ) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် ပြန်လည်ထူထောင်ရေးအကြံပေး ရာထူးလစ်လပ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခံရခြင်းကြောင့် ရပ်စဲသွားခြင်း မရှိစေရ။

**ဤအပိုင်း၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ**

၉၄။ (က) ဤအပိုင်း၏ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အောက်ပါရည်မှန်းချက်များဖြင့် ဆောင်ရွက်ရမည်-

(၁) အပိုင်း (၆) လုပ်ငန်းကို ဆက်လက်လည်ပတ်နေရန်အတွက် ကယ်ဆယ်ခြင်း သို့မဟုတ်

(၂) ပုဒ်မခွဲငယ် (၁) ပါ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ငန်း၏ အစိတ်အပိုင်းအများဆုံးကို ဆက်လက်ရပ်တည်နိုင်ရန်တတ်နိုင်သမျှ ဆောင်ရွက်ခြင်း သို့မဟုတ်

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါ ရည်မှန်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင်အားလုံးအကျိုးဖြစ်စေနိုင်ပါက လုပ်ငန်းကို လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ပြုလုပ်စေခြင်း။

(ခ) ဤအပိုင်းသည် ပုဒ်မခွဲ (က) ပါ ရည်မှန်းချက်များ အောင်မြင်စေရန်အလို့ငှာ အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည် -

(၁) အပိုင်း (၆) လုပ်ငန်းကိစ္စရပ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပစ္စည်းများ၏ သာမန်အားဖြင့် ပေါ်ပေါက်လာနိုင်သည့် ကန့်သတ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(၂) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ခြင်းနှင့် လူမွဲခံယူခြင်းလုပ်ငန်းစဉ်များကို မြန်ဆန်သောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်စေနိုင်ခြင်း။

**တရားရုံးက ကြီးကြပ်ခြင်း**

၉၅။ အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအကြံပေးနှင့် အစီအစဉ်ကြီးကြပ်သူတို့သည် တရားရုံး၏ ကြီးကြပ်မှုအောက်တွင် ရှိသည်။

**ပြန်လည်ထူထောင်ရေးအကြံပေး**

၉၆။ ဤဥပဒေအပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူကိုသာလျှင် အပိုင်း (၆) လုပ်ငန်းအတွက် ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်အပ်နိုင်သည်။

## အခန်း (၂)
## အပိုင်း (၆) လုပ်ငန်းစဉ်

**အပိုင်း (၆) လုပ်ငန်းစဉ် စတင်ခြင်း**

၉၇။ (က) အပိုင်း (၆) လုပ်ငန်းသည် အောက်ပါအခြေအနေများတွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်အပ်နိုင်သည်-

(၁) အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ဒါရိုက်တာများက ထိုကုမ္ပဏီသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်းယူဆပြီး လုပ်ငန်းပြန်လည်ထူထောင်ရေးအကြံပေးခန့်အပ်သင့်သည်ဟု သဘောတူဆုံးဖြတ်ချက်ကို စာဖြင့် ရေးသားချမှတ်လျှင်၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့် အပိုင်း (၆) လုပ်ငန်းဖြစ်လျှင် ထိုလုပ်ငန်း၏ ပိုင်ရှင်က လုပ်ငန်းသည် ကြွေးမြီကိုပြန်လည်ပေးဆပ်ရန်စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်းယူဆပြီး ပြန်လည်ထူထောင်ရေးအကြံပေးခန့်အပ်သင့်သည်ဟု စာဖြင့်ရေးသားကြေညာလျှင် သို့မဟုတ်

(၃) အစုစပ်လုပ်ငန်းဖြစ်လျှင် အစုစပ်လုပ်ငန်းဝင်များက ကြွေးမြီကိုပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိကြောင်းယူဆပြီး ပြန်လည်ထူထောင်ရေးအကြံပေး ခန့်အပ်သင့်သည်ဟု စာဖြင့် ရေးသားကြေညာလျှင်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ခြင်းကို ကန့်သတ်ခြင်း**

၉၈။ (က) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းသည် အောက်ပါအခြေအနေများတွင် အပိုင်း (၆) လုပ်ငန်းစဉ် စတင်နိုင်ခြင်းမရှိစေရ -

(၁) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်မှုကိုလက်ခံရန် စာဖြင့်ရေးသား သဘောတူညီခြင်းမရှိလျှင်၊

(၂) ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးကို အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ဆောင်ရွက်နေဆဲဖြစ်လျှင်၊

(၃) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေဆဲဖြစ်လျှင်။

(ခ) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော အပိုင်း (၆) လုပ်ငန်းသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပိုင်း (၆) လုပ်ငန်းစဉ်ကို စတင်နိုင်ခြင်း မရှိစေရ -

(၁) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် ၎င်းအား ခန့်အပ်မှုကိုလက်ခံရန် စာဖြင့်ရေးသား သဘောတူညီခြင်းမရှိလျှင်၊

(၂) လုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လုပ်ငန်းရှင်များသည် လူမွဲဖြစ်နေလျှင်၊

(၃) အစုစပ်လုပ်ငန်းဖြစ်လျှင် ထိုအစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန် သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် လျှောက်ထားဆဲဖြစ်ပြီး အမိန့်ချမှတ်ခြင်းမရှိသေးလျှင် သို့မဟုတ် အခြားနည်း စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် ဆောင်ရွက်ဆဲဖြစ်လျှင်။

(ဂ) အပိုင်း (၆) လုပ်ငန်းကပေးရမည့် မြီရှင်များ အမည်၊ လိပ်စာ၊ ထိုသူတို့ထံ ပေးရန်ရှိသော ခန့်မှန်းခြေ ကြွေးမြီတန်ဖိုးနှင့် အခြားသောမှတ်တမ်းတို့ကို ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက လက်ခံရရှိကြောင်းနှင့် ၎င်း၏ စုံစမ်းစစ်ဆေးမှုများအရ ၎င်းအား ခန့်ထားခြင်းဖြင့် ပုဒ်မ ၉၄ ပါ ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း စာဖြင့် ရေးသားအတည်ပြုခြင်းမရှိသေးလျှင် လုပ်ငန်းစဉ်ကို စတင်နိုင်ခြင်း မရှိစေရ။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ယခင် အပိုင်း (၆) လုပ်ငန်းစဉ်စတင်ခဲ့သည့်နေ့မှ ၁၂ လ အတွင်း မစတင်ရ။

**အာမခံအကျိုးခံစားခွင့်ရ မြီရှင်များထံ အကြောင်းကြားခြင်း**

၉၉။ ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်ထားခြင်းဖြစ်ပြီး အပိုင်း (၆) လုပ်ငန်းပိုင်ပစ္စည်း အားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်ရှိသည့်အခြေအနေတွင် ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်းအား ခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အာမခံအကျိုးခံစားခွင့်ရ မြီရှင်သို့ ပေးပို့ရမည်။ ထို့ပြင် အာမခံအကျိုးခံစားခွင့်ရ မြီရှင်သည် အကြောင်းကြားစာရပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေး အကြံပေးက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်းစာဖြင့် ရေးသားသဘောတူရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာပေးပို့ရခြင်း**

၁၀၀။ (က) ခန့်အပ်ခြင်းခံရသည့် ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါနည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏မြီရှင်များထံ အကြောင်းကြားရမည်။

( ခ ) မှတ်ပုံတင်အရာရှိထံ ပေးပို့သည့်အကြောင်းကြားစာနှင့်အတူ ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ဂ) တွင် ရည်ညွှန်းထားသည့် စာဖြင့်ရေးသားအတည်ပြုချက်လည်း ပူးတွဲပေးပို့ရမည်။ မှတ်ပုံတင်အရာရှိသည် ထိုစာကိုလည်း တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

( ဂ ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ခန့်အပ်မှု စတင်အကျိုးသက်ရောက်ခြင်း**

၁၀၁။ ပြန်လည်ထူထောင်ရေးအကြံပေးခန့်အပ်ခြင်းသည် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူထံ ထိုသို့ခန့်အပ်ကြောင်း စာဖြင့်ရေးသားခန့်အပ်လွှာ ပေးပို့သည့်အချိန်တွင် စတင်အကျိုးသက်ရောက်စေရမည်။

## အခန်း (၃)
## ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်
## ပြန်လည်ထူထောင်ရေးအကြံပေး၏ လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**ပြန်လည်ထူထောင်ရေးအကြံပေး၏ လုပ်ငန်းများ**

၁၀၂။ (က) ပြန်လည်ထူထောင်ရေးအကြံပေး၏ အဓိကလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြန်လည်ထူထောင်ရေးအစီအစဉ်အတွက် ရွေးချယ်သင့်သည့်နည်းလမ်းများကို ရှာဖွေအကြံပေးခြင်းနှင့် အကူအညီပေးခြင်း၊

(၂) ကယ်ဆယ်ခြင်းအဆင့်တွင် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန်အတွက် အကြံပေးခြင်းနှင့် အကူအညီပေးခြင်း၊

(၃) အဆိုပြုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဤအပိုင်းတွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၄) ဤအပိုင်းတွင် ပြဋ္ဌာန်းထားသည့် အခြားအကူအညီများပေးခြင်း။

( ခ ) အဆိုပြုအစီအစဉ်ကို မြီရှင်များထံပေးပို့လျှင် ပြန်လည်ထူထောင်ရေးအကြံပေးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိသည် -

(၁) အစီအစဉ်၏ ဖြစ်နိုင်ခြေနှင့် ပုဒ်မ ၉၄ ပါ ရည်မှန်းချက်များ ပြည့်မီနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြရန်၊

(၂) အဆိုပြုထားသည့် အစီအစဉ်သည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြရန်၊

(၃) အစီအစဉ်ကို အတည်ပြုခဲ့လျှင် မြီရှင်များက ပြန်လည်ရရှိနိုင်သည့်အနေအထားကို စုံစမ်းတင်ပြရန်၊

(၄) အစီအစဉ်ကို အတည်မပြုခြင်းနှင့် လုပ်ငန်းကို လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုပြုလုပ်ခြင်းတို့ကြောင့် မြီရှင်များပြန်လည်ရရှိနိုင်မှုတို့ကို နှိုင်းယှဉ်တင်ပြရန်၊

(၅) အထက်ဖော်ပြပါ ကိစ္စရပ်တစ်ခုချင်းစီအပေါ် ၎င်း၏အမြင်နှင့် ထင်မြင်ချက်များ၊ ထိုသို့ထင်မြင်ယူဆရသည့် အကြောင်းအရင်းများ၊ မြီရှင်များက ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက်

သိရှိသမျှ အရေးကြီးအချက်အလက်များနှင့် ထိုအစီအစဉ်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံ သင့် မသင့် စသည့်အချက်များ ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ရန်။

(ဂ) ပုဒ်မခွဲ (ခ) အရ တာဝန်များကို ထမ်းဆောင်ရာတွင် ငွေကြေးသုံးစွဲနိုင်မှုအပေါ် အခြေပြု၍ ဆောင်ရွက်ရမည်။ ဆောင်ရွက်မှုများအတွက် ငွေကြေးအကန့်အသတ်ရှိလျှင် ထိုသို့ရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး၏ တာဝန်များ**

၁၀၃။ ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏ လုပ်ငန်းဆောင်တာများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြီရှင်များအားလုံး၏အကျိုး ရှေးရှုဆောင်ရွက်ရန်နှင့်

(ခ) တတ်နိုင်သမျှ လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန်။

**ပြန်လည်ထူထောင်ရေးအကြံပေး၏ လုပ်ပိုင်ခွင့်များ**

၁၀၄။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအကြံပေးသည် ကယ်ဆယ်ခြင်းအဆင့်တွင် ၎င်း၏ တာဝန်များထမ်းဆောင်ရန်အတွက် လိုအပ်လျှင် အောက်ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် -

(ခ) ၎င်းသည် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) သို့ရာတွင် ၎င်းသည် အပိုင်း (၆) လုပ်ငန်း၏ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းများနှင့် လုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲခြင်း မပြုရ။

**လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်တွင် အကာအကွယ်ပေးခြင်း**

**လုပ်ငန်းကယ်ဆယ်ခြင်းအဆင့်၏ အကျိုးဆက်များ**

၁၀၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မ ၁၇၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အရ ကုမ္ပဏီနှင့် ပစ္စည်းများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်း အဆင့်တွင်လည်း အသုံးပြုနိုင်သည်။ ထိုပုဒ်မခွဲများအရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို ပြန်လည်ထူထောင်ရေးအကြံပေးကလည်း ကျင့်သုံးနိုင်သည်။

(ခ) လုပ်ငန်းက သုံးစွဲနေသော သို့မဟုတ် လုပ်ငန်း၏ လက်ဝယ်တွင်ရှိသောပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင် သို့မဟုတ် တစ်ဦးဦးထံမှ ငှားရမ်းထားလျှင် ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏အမိန့်အရ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေး၏စာဖြင့် ရေးသား သဘောတူညီချက်အရ မဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ ကယ်ဆယ်ခြင်းအဆင့်တွင် ပုံမှန်လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန်အလို့ငှာ ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များသည် ၎င်းတို့၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်။

(ဃ) ကယ်ဆယ်ခြင်းအဆင့်တွင် ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များသည် အောက်ပါကိစ္စရပ်များတွင် ၎င်းတို့၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည် -

(၁) ပုံမှန်လုပ်ဆောင်မြဲမဟုတ်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ စီမံခန့်ခွဲခြင်းတို့ကို ပြန်လည်ထူထောင်ရေးအကြံပေး၏စာဖြင့် ရေးသားသဘောတူညီချက် အရ သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်အရ ဆောင်ရွက်နိုင်သည်။

(၂) အပိုင်း (၆) လုပ်ငန်းစဉ်မစတင်မီက လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်နေသူနှင့် ဆက်နွယ်နေသည့် မြီရှင်များ၏ တင်ရှိသည့်ကြွေးမြီများကို တရားရုံး၏ခွင့်ပြုချက်အရ ပေးချေနိုင်သည်။

(၃) အပိုင်း (၆) လုပ်ငန်းစဉ်မစတင်မီက လုပ်ငန်း၏တွဲဖက်လုပ်ကိုင်နေသူနှင့် ဆက်နွယ်မှု မရှိသည့် မြီရှင်များ၏ တင်ရှိနေသည့် ကြွေးမြီများကို ပြန်လည်ထူထောင်ရေးအကြံပေး၏ စာဖြင့် ရေးသားသဘောတူညီချက်အရ သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်အရ ပေးချေ နိုင်သည်။

(င) ပုဒ်မခွဲ (ဃ) တွင် ရည်ညွှန်းဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးအကြံပေး၏ စာဖြင့် ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ခွင့်ပြုချက်ကို ပြန်လည်ထူထောင်ရေး အစီအစဉ်ဆောင်ရွက်ရန်ဖြစ်တန်ရာများပြီး ထိုကြွေးမြီကို ပေးချေခြင်းသည် ဤအပိုင်းပါ ရည်ရွယ်ချက်များပြည့်မီရေးအတွက် လိုအပ်သည်ဟု ယူဆသည့် ထူးခြားသော အခြေအနေ များတွင်သာ ခွင့်ပြုနိုင်သည်။

**လုပ်ငန်း၏ အာမခံအကျိုးခံစားခွင့်ရမြီရှင်များကို အကာအကွယ်ပေးခြင်း**

၁၀၆။ ကယ်ဆယ်ခြင်းအဆင့်တွင် လုပ်ငန်း၏အာမခံထားရှိသောပစ္စည်းများအား အတည်ပြုခြင်း၊ အတည်ပြုနေမှုကို ဆက်လက်ဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးအကြံပေး၏စာဖြင့် ရေးသား သဘောတူညီချက်အရ သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

**အာမခံသူများကို အကာအကွယ်ပေးခြင်း**

၁၀၇။ လုပ်ငန်း၏ ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့်စပ်လျဉ်း၍ အာမခံသူများကို ကယ်ဆယ်ခြင်း အဆင့်တွင် တရားရုံး၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူ ထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

**တရားရုံးက ခွင့်ပြုချက်ပေးခြင်း**

၁၀၈။ ဤအခန်းအရ ခွင့်ပြုချက်များပေးရာတွင် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း စည်းကမ်းချက် ထား၍ဖြစ်စေ၊ စည်းကမ်းချက်များမထားဘဲဖြစ်စေ ခွင့်ပြုနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၁၀၉။ (က) အပိုင်း (၆) လုပ်ငန်းသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ဖြစ်ဖွယ်ရှိသည့် ပစ္စည်းများကို အောက်ပါနည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲနိုင်သည် -

(၁) အပိုင်း (၆) လုပ်ငန်း၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုအရဖြစ်စေ သို့မဟုတ်

(၂) အာမခံပစ္စည်းရရှိထားသူများ၏ စာဖြင့် ရေးသားသဘောတူညီချက်အရဖြစ်စေ သို့မဟုတ်

(၃) တရားရုံး၏ ခွင့်ပြုချက်အရဖြစ်စေ။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ခွင့်ပြုနိုင်သည် -

(၁) အာမခံပစ္စည်းရရှိထားသူ၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်နိုင်ခြင်း ရှိ မရှိ၊

(၂) ပုဒ်မ ၉၄ ပါ ရည်မှန်းချက်များ ပြည့်မီရေးကို အထောက်အကူပြုနိုင်ခြင်း ရှိ မရှိ။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ရည်ရွယ်ချက်များအလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာထုတ်နိုင်သည့်အချက် သို့တည်းမဟုတ် အပြောင်းအလဲရှိသောကြွေးမြီတာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည်ဆိုရုံမျှဖြင့် အပိုင်း (၆) လုပ်ငန်း၏ ပုံမှန်လုပ်ငန်း ဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်း မပြုနိုင်။

(ဃ) အပိုင်း (၆) လုပ်ငန်းတွင် ပစ္စည်းကို အာမခံအကျိုးခံစားခွင့်အတွက် ရောင်းချရာ၌ ဒါရိုက်တာ၊ ပိုင်ရှင် သို့မဟုတ် အစုဝင်သည် ၎င်း၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ကျိုးကြောင်းဆီလျော်စွာ အသုံးပြုရမည်။

**ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၁၁၀။ (က) အပိုင်း (၆) လုပ်ငန်းတွင် ပုံသေကြွေးမြီတာဝန်ဖြစ်ဖွယ်ရှိသည့် ပစ္စည်းများကို အောက်ပါ နည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲနိုင်သည် -

(၁) အာမခံပစ္စည်းရရှိထားသူများ၏ စာဖြင့်ရေးသားသဘောတူညီချက်ဖြင့်ဖြစ်စေ သို့မဟုတ်

(၂) တရားရုံး၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ခွင့်ပြုနိုင်သည် -

(၁) အာမခံပစ္စည်းရရှိသူ၏အကျိုးကို လုံလောက်စွာကာကွယ်သောအစီအစဉ်များ ရှိ မရှိ၊

(၂) ပုဒ်မ ၉၄ ပါ ရည်ရွယ်ချက်များအောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း ရှိ မရှိ။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်များကို အကာအကွယ်ပေးခြင်း**

၁၁၁။ ပုဒ်မ ၁၀၉ နှင့် ၁၁၀ တို့တွင် ခွင့်ပြုထားသည်မှအပ အပိုင်း (၆) လုပ်ငန်းသည် အာမခံအကျိုး ခံစားခွင့်ရမြီရှင်များ၏ ပစ္စည်းအပေါ်ရှိသောအကျိုးကို ထိခိုက်စေနိုင်ပါက တစ်စုံတစ်ရာစီမံခန့်ခွဲခြင်း မပြုရ။

**အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**ကြွေးမြီများအတွက် တာဝန်**

၁၁၂။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီများနှင့် တာဝန်ရှိမှု အပေါ်တွင် ပုဂ္ဂိုလ်ရေးတာဝန်မရှိစေရ။

(ခ) အပိုင်း (၅) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ပုဒ်မ ၆၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် ကြွေးမြီများသည် အပိုင်း (၅) ပြန်လည်ထူထောင်ရေးမန်နေဂျာတွင် တာဝန် ရှိသော်လည်း အပိုင်း (၆) လုပ်ငန်းစဉ်တွင်မူ လုပ်ငန်း၌ တာဝန်ရှိပြီး လုပ်ငန်း၏ ပုံမှန်လုပ်ငန်း ဆောင်ရွက်မှုမှ ပေးချေရမည်။

(ဂ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည်မှအပ အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီများနှင့် တာဝန်များသည် ပုဒ်မ ၁၀၅၊ ပုဒ်မခွဲ (က) နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာအပိုင်း (၆) ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုအတိုင်း ဖြေရှင်းရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းအတိုင်း ကြွေးမြီနှင့်တာဝန်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြန်လည်ထူထောင်ရေးအကြံပေးက သိရှိရလျှင် ပုဒ်မ ၁၃၉ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းစေရမည်။

**လုပ်ငန်းသည် ပြန်လည်ထူထောင်ရေးလုပ်ဆောင်နေကြောင်း အသိပေးကြေညာခြင်း**

၁၁၃။ (က) အပိုင်း (၆) လုပ်ငန်းသည် ကယ်ဆယ်ခြင်းအဆင့်တွင် ရောက်ရှိနေသည့်အခါ အောက်ပါတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြရမည် -

(၁) လုပ်ငန်း သို့မဟုတ် လုပ်ငန်းကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေး၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) လုပ်ငန်း၏ ဝက်ဘ်ဆိုဒ်များအားလုံး။

(ခ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့် ပုံစံများကို ဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသို့ပြုလုပ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းကိုသိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် လုပ်ငန်းအရာရှိနှင့် ပြန်လည်ထူထောင်ရေးအကြံပေးအား မှတ်ပုံတင်အရာရှိသည် ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**အပိုင်း (၆) လုပ်ငန်း၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်**

၁၁၄။ (က) အပိုင်း (၆) လုပ်ငန်းစဉ်စတင်သည်နှင့်တစ်ပြိုင်နက် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို နည်းဥပဒေတွင် သတ်မှတ်ထားသည့်ပုံစံအတိုင်းပြုစု၍ လုပ်ငန်းသည် ပြန်လည်ထူထောင်ရေးအကြံပေးထံ တတ်နိုင်သမျှ ဆောလျင်စွာ တင်သွင်းရမည်။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား လုပ်ငန်း၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံ ပေးပို့ရန် အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့်ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြု ဖော်ပြစေရမည် -

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွှယ်သည့် ပုဂ္ဂိုလ်များနှင့်

(၃) အပိုင်း (၆) လုပ်ငန်း၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင်ပါရှိရမည့် အချက်များ။

(ဃ) ဤပုဒ်မအရ အပိုင်း (၆) လုပ်ငန်း၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြန်လည်ထူထောင်ရေးအကြံပေးထံသို့ တင်ပြရန်တာဝန်ရှိသူသည် စာဖြင့်ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိပြီးနောက် ၇ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(င) ဤပုဒ်မအရ တင်ရှိသော တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ တစ်စုံတစ်ဦးသည် လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို အားကိုးအားထားပြုနိုင်ခြင်း**

၁၁၅။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မ ၁၁၄၊ ပုဒ်မခွဲ (က) အရ ၎င်းထံ တင်သွင်းသည့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်ခြင်းမရှိဟု သံသယဖြစ်ရန် အကြောင်းမရှိလျှင် အားကိုးအားထားပြုနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်လက်ခံရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ထုတ်ဖော်ကြေညာချက်တွင် ဖော်ပြထားသော မြီရှင်များထံသို့ အစီရင်ခံစာပါအတိုင်း အပိုင်း (၆) လုပ်ငန်းမှ ကြွေးမြီရရန် မှန် မမှန်ကို စိစစ် အတည်ပြုရန်အတွက် အကြောင်းကြားစာ ပေးပို့မေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပေးပို့သည့်အကြောင်းကြားစာတွင် မြီစား သို့မဟုတ် မြီရှင်သည် ထုတ်ဖော်ကြေညာချက်တွင်ဖော်ပြထားသည့် ကြွေးမြီပမာဏသည် မှန်ကန်ခြင်းမရှိကြောင်း အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ငြင်းဆိုခြင်းမရှိလျှင် ဆန့်ကျင်ဘက် သက်သေခံချက် မတင်ပြသကဲ့သို့ မှန်ကန်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

**မြီရှင်များက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း**

၁၁၆။ (က) ကယ်ဆယ်ရေးအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များက အပိုင်း (၆) လုပ်ငန်း၏ စာအုပ်စာတမ်းများကို စစ်ဆေးခွင့် တောင်းခံပါက တရားရုံးသည် လုပ်ငန်းသို့မဟုတ် လုပ်ငန်းလက်ဝယ်ရှိသော စာအုပ်စာတမ်းများကို စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စရပ်များကို ဖယ်ထုတ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မရှိစေရ -

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အပိုင်း (၆) လုပ်ငန်းကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**တရားရုံးသို့ လျှောက်ထားခြင်း**

၁၁၇။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစုရှယ်ယာဝင်တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကယ်ဆယ်ခြင်းအဆင့်မှ ပေါ်ထွက်လာသည့် မေးခွန်းတစ်ခုခုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက ထိုမေးခွန်းအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် မေးခွန်းကိုဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ကျေနပ်ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း စည်းကမ်းသတ်မှတ်ချက်များသတ်မှတ်၍ လျှောက်ထားချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့် အမိန့်ချမှတ်နိုင်သည်။

**စေ့စပ်ဖျန်ဖြေခြင်း**

၁၁၈။ ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းနှင့် မြီရှင် သို့မဟုတ် မြီစားများအကြား ပေါ်ပေါက်လာသည့် အောက်ပါအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် စေ့စပ်ဖျန်ဖြေသူခန့်ထားနိုင်သည် -

(က) အပိုင်း (၆) လုပ်ငန်းက ရရန်ရှိသည့် သို့မဟုတ် အပိုင်း (၆) လုပ်ငန်းက ပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများ၊

(ခ) ထပ်မံအဆိုပြုမည့် အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်။

**မြီရှင်များအစည်းအဝေး**

၁၁၉။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အောက်ပါကိစ္စရပ်များတွင် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည် -

(၁) ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်စေ၊

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းထက်ကျော်သော မြီရှင်များမှ တောင်းဆိုလျှင် ဖြစ်စေ၊ စုစုပေါင်းကြွေးမြီ၏ တစ်ဆယ်ရာခိုင်နှုန်းကို ပိုင်ဆိုင်သည့် မြီရှင်များက တောင်းဆိုလျှင်ဖြစ်စေ။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟုထင်မြင်လျှင် အပိုင်း (၆) လုပ်ငန်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကျင်းပခြင်းကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး ပြောင်းလဲခန့်အပ်ခြင်း**

၁၂၀။ (က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ ပုဒ်မ ၁၈၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ရေးအဆင့်တွင် ပြန်လည်ထူထောင်ရေး အကြံပေးနှင့်စပ်လျဉ်း၍ အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များအစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးအကြံပေးကို အစားထိုး ခန့်ထားခဲ့ခြင်းဖြစ်လျှင် ထိုသို့ခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ သဘော တူညီချက်ရရှိရန်လိုအပ်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်း ကြားစာ ပေးပို့ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ရေးဆွဲခြင်းနှင့် ပါဝင်ရမည့်အချက်များ**

၁၂၁။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လုပ်ငန်းကဖြစ်စေ၊ လုပ်ငန်း၏ သဘောတူညီချက်ဖြင့် ပြန်လည်ထူထောင်ရေးအကြံပေးကဖြစ်စေ ရေးဆွဲရမည်။

(ခ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) အစီအစဉ်ကို မည်သူကကြီးကြပ်မည်၊

(၂) သက်ဆိုင်ရာဒါရိုက်တာများ၊ ပိုင်ရှင်များ၊ အစုဝင်များနှင့် အစီအစဉ်ကြီးကြပ်သူ၏ အခန်း ကဏ္ဍနှင့် တာဝန်များ၊

(၃) မြီရှင်များ၏ တောင်းဆိုမှုများကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘော သဘာဝ၊ မည်သည့်နည်းလမ်းဖြင့် သို့မဟုတ် မည်သည့်ပစ္စည်းအပေါ်မှ ပေးချေမည်၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်းသဘောသဘာဝနှင့် ၎င်းအတွက် ခွင့်ပြုကာလ၊

(၅) လုပ်ငန်းကို ကြွေးမြီလျှော့ပေါ့ပေးမည့် အတိုင်းအတာ၊

(၆) လုပ်ငန်းသည် ကုမ္ပဏီတစ်ခုဖြစ်လျှင် အစုရှယ်ယာဝင်များ၏ အစုရှယ်ယာအကျိုးအမြတ်ကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အတိုင်းအတာ၊

(၇) အစီအစဉ်၏တစ်စိတ်တစ်ဒေသကို ဆက်လက်ဆောင်ရွက်ချက်နှင့် သဘောတူစာချုပ် တစ်ရပ်လုံးအား ဆက်လက်ဆောင်ရွက်ချက်နှင့်ပတ်သက်သည့် စည်းကမ်းချက်များ (ရှိလျှင်)၊

(၈) အစီအစဉ်ကိုရပ်စဲမည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည် ဖော်ပြီးပါက လုပ်ငန်းကို ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များ၏ အုပ်ချုပ်မှု အောက်တွင် ပြန်လည်ထားရှိမည် သို့မဟုတ် လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် မှတ်ပုံတင် ပယ်ဖျက်မည့်ဖော်ပြချက်၊ လုပ်ငန်းသည် အစုစပ်လုပ်ငန်းဖြစ်လျှင် ဖျက်သိမ်းမည့်ဖော်ပြချက်၊

(၉) အစီအစဉ်အား လိုက်နာရမည့် မြီရှင်များအကြား ကြွေးမြီများကို ခွဲဝေပေးမည့် အစီအစဉ်နှင့် ပတ်သက်သည့်ဖော်ပြချက်၊

(၁၀) အစီအစဉ်အရ ခွင့်ပြုပေးနိုင်သည့်တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက်သည့် နေ့ရက် သို့မဟုတ် ၎င်းမတိုင်မီ နေ့ရက် (ထိုရက်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့် နေ့ရက်ထက် နောက်မကျစေရ)၊

(၁၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်များ အဆိုပြုထားမှုအပေါ် အစီအစဉ်အရ အကျိုးသက်ရောက်စေနိုင်သည့် အတိုင်းအတာ၊

(၁၂) နည်းဥပဒေတွင် ဖော်ပြထားသည့် အခြားကိစ္စရပ်များ။

**အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဖြန့်ဝေခြင်း**

၁၂၂။ (က) ပုဒ်မ ၁၂၁ နှင့်အညီ ပြုစုထားသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်မိတ္တူကို မြီရှင်တိုင်း၏ နောက်ဆုံးလိပ်စာသို့ ပေးပို့ရမည်။ ထိုမိတ္တူတွင် အောက်ပါအချက်များ ထည့်သွင်းအသိပေးရမည် -

(၁) မိတ္တူရရှိသူသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၁ ရက်အတွင်း အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း မဲပေးရမည်ဖြစ်ကြောင်းနှင့် လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း ပြန်ကြားစာကို ပြန်လည်ထူထောင်ရေးအကြံပေးထံသို့ စာဖြင့်ရေးသား ပေးပို့ရမည်ဖြစ်ကြောင်း၊

(၂) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပုဒ်မခွဲငယ် (၁) ပါအတိုင်း (၂၁) ရက်အတွင်း မြီရှင်အားလုံးရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်းမြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့် ရေးသားကန့်ကွက်ခြင်းမရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၈ ရက်ကျော်လွန်က အတည်ဖြစ်မည်ဖြစ်ကြောင်း။

(ခ) မြီရှင်များသို့ ပေးပို့သည့် အကြောင်းကြားစာ၊ အဆိုပြုပြန်လည်ထူထောင်ရေးအစီရင်ခံစာတို့နှင့်အတူ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၅) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးအကြံပေး၏ အစီရင်ခံစာကိုလည်း ပူးတွဲပေးပို့ရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်းတွင် ဤပုဒ်မအရ ဆောင်ရွက်ရာ၌ အောက်ပါကိစ္စရပ်များကို လိုက်နာရမည် -

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်စတင်ပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ဆောင်ရွက်ရန်၊

(၂) မည်သည့်ကိစ္စရပ်တွင်မဆို အပိုင်း (၆) လုပ်ငန်းစဉ်စတင်သည့်နေ့မှ ရက်သတ္တ (၁၀) ပတ်အတွင်း ဆောင်ရွက်ရန်။

(ဃ) အပိုင်း (၆) လုပ်ငန်းအတွက် ဤပုဒ်မအရ ပေးပို့ရမည့်စာရွက်စာတမ်းများကို အီလက်ထရောနစ်နည်းဖြင့် ပေးပို့ရန်နည်းလမ်းများကို နည်းဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် မြီရှင်များအစည်းအဝေးခေါ်ယူခြင်း**

၁၂၃။ (က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ၂၁ ရက်အတွင်း ပေးပို့၍ ပုဒ်မ ၁၂၂ နှင့်အညီ အသိပေးအကြောင်းကြားပြီးနောက် အောက်ပါအချက်များနှင့် ညီညွတ်မှသာလျှင် မြီရှင်များအစည်းအဝေးကိုခေါ်ယူရန် ဆင့်ဆိုနိုင်သည် -

(၁) အပိုင်း (၆) လုပ်ငန်း၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ သုံးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အစည်းအဝေးခေါ်ပေးရန်တောင်းဆိုလျှင်၊

(၂) မြီရှင်များက အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ကန့်ကွက်ခဲ့သော်လည်း ထိုအစီအစဉ်ကို အတည်ပြုရန်အတွက် သင့်လျော်သည့်အလားအလာများရှိသည် သို့မဟုတ် အစီအစဉ်၏ အချက်အလက်အချို့အား ပြင်ဆင်သင့်သည်ဟု ပြန်လည်ထူထောင်ရေးအကြံပေးက ထင်မြင်လျှင်။

(ခ) အပိုင်း (၆) လုပ်ငန်း၏ သဘောတူညီချက်အရ အစီအစဉ်ပါအချက်များကို မြီရှင်များအစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး မြီရှင်များက အစီအစဉ်ပြင်ဆင်ချက်ကို အဆိုပါအစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

(ဂ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ အစည်းအဝေး၏သဘာပတိသည် အစည်းအဝေးသို့ တက်ရောက်လာသည့်မြီရှင်တိုင်းက မဲပေးရန်လိုအပ်ပြီး အဆုံးအဖြတ် ပြုရန်အတွက် လုံလောက်သည့်မဲအများစုရရှိခြင်း ရှိ မရှိ သိရှိနိုင်ရန်အတွက် ထိုမဲများကို မှတ်တမ်းတင် ရေတွက်ရမည်။

(ဃ) ဤပုဒ်မအရ တင်ပြထားသည့် အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များ အစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ရမည် -

(၁) ပြင်ဆင်ချက်မရှိဘဲ အတည်ပြုသည်၊

(၂) ပြင်ဆင်ချက်ဖြင့် အတည်ပြုသည် သို့မဟုတ်

(၃) ပယ်သည်။

(င) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ် (ပြင်ဆင်ချက်များအပါအဝင်) ကို ပုဒ်မ ၁၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်အများစုက သဘောတူညီပါက အပိုင်း (၆) လုပ်ငန်း ပြန်လည် ထူထောင်ရေးအကြံပေးသည် အစီအစဉ်ပါအချက်များကို တရားဝင်မှတ်တမ်းတင် ပြင်ဆင် ရမည်။ ထိုမှတ်တမ်းကို အပိုင်း (၆) လုပ်ငန်းကိုယ်စားနှင့် အဆိုပြုအစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ပေးရမည်။

**အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ပျက်ကွက်ခြင်း**

၁၂၄။ (က) ဤအပိုင်းအရ လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အပိုင်း (၆) လုပ်ငန်းစဉ်စတင်ပြီး ရက်သတ္တ (၁၀) ပတ်အတွင်း အတည်ပြုနိုင်ခြင်းမရှိပါက ထိုအပိုင်း (၆) လုပ်ငန်းစဉ် ရပ်စဲ သွားမည်ဖြစ်ပြီး ထိုသို့ရပ်စဲသွားကြောင်းကို အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားရမည် -

(၁) ပြန်လည်ထူထောင်ရေးအကြံပေး၊

(၂) မှတ်ပုံတင်အရာရှိနှင့်

(၃) ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအစီအစဉ် မိတ္တူပေးပို့ထားသူများ။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သည့်အကြောင်းကြားစာသည် နည်းဥပဒေတွင် ဖော်ပြထားသည့် ပုံစံအတိုင်းဖြစ်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ၎င်းအား ခန့်အပ်မှုသည် ရပ်စဲစေရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို လက်ခံ ရရှိလျှင် ထိုစာကို မှတ်ပုံတင်စာရင်းသွင်းရမည်။

(င) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ယင်းလုပ်ငန်းနှင့် ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာအား ကျပ် တစ်သိန်းထက် မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

## အခန်း (၄)

## ပြန်လည်ထူထောင်ရေးအစီအစဉ်

**အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း**

၁၂၅။ (က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါအခြေအနေများတွင် စတင်အကျိုးသက်ရောက်စေရမည် -

(၁) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မ ၁၂၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး ဖြစ်လျှင်၊ ထို့ပြင်

(၂) ပုဒ်မ ၁၂၃ အရ အစည်းအဝေးကိုမကျင်းပခဲ့လျှင်၊ ထို့ပြင် မြီရှင်အားလုံးရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်းမြီရှင် အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့်ရေးသား ကန့်ကွက်ခြင်းကို ပုဒ်မ ၁၂၂ အရ ၂၁ ရက်ကျော်သည်အထိ မရရှိလျှင်၊

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် ပုဒ်မ ၁၂၃ အရ မြီရှင်များ အစည်းအဝေးကို ကျင်းပခဲ့ပြီး မြီရှင်အားလုံး ရရန်ရှိသောကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်း မြီရှင်အရေအတွက်၏ ငါးဆယ် ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက ပြင်ဆင်ရေးဆွဲထားသည့် အစီအစဉ်အား မဲခွဲ ဆုံးဖြတ်ရာတွင် ကန့်ကွက်ခဲ့ခြင်းမရှိလျှင်။

(ခ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေတွင် ဖော်ပြထားသူများထံသို့ အလုပ်လုပ်ကိုင်ရက် (၂) ရက် အတွင်း အစီရင်ခံ တင်ပြရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးသည် အစည်းအဝေးတွင် မဲပေးခဲ့သည့် မှတ်တမ်းမိတ္တူကို မြီရှင်များက တောင်းခံလာပါက ထုတ်ပေးရမည်။

(ဃ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ တရားဝင် စာရွက်စာတမ်းကို ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့်ကာလအတွင်း အပိုင်း (၆) လုပ်ငန်းနှင့် အစီအစဉ် ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးရမည်။ ထိုသို့လက်မှတ်ရေးထိုးပြီးနောက် စတင်အကျိုး သက်ရောက်သည်။

**ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း**

၁၂၆။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင် အရာရှိသည် တတ်နိုင်သမျှဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏မြီရှင်များထံ အကြောင်းကြား ရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ**

၁၂၇။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီအစဉ်ကြီးကြပ်သူသည် အပိုင်း (၆) လုပ်ငန်းနှင့် မြီရှင်များ၊ အစုရှယ်ယာရှင်များအကြား ကျေအေးညှိနှိုင်းမှုကို ဖြစ်စေသည်။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည် -

(၁) ပါဝင်မဲပေးခဲ့ခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာ အခွင့်အရေးများ၊ ထို့အပြင်

(၂) အစည်းအဝေးကျင်းပသည်ဖြစ်စေ၊ မကျင်းပသည်ဖြစ်စေ၊ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်ဖြစ်စေ၊ မတက်ရောက်ခဲ့သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏အခွင့်အရေးများ။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့်အချိန်တွင် တရားရုံး၌ စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် သမ္မန်စာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေးအဆင့်တွင် ဆိုင်းငံ့ထားလျှင် -

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုတွင် ၎င်းအား ထိုသို့ခန့်အပ်ကြောင်းကို တင်ပြရမည်။

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် လျှောက်လွှာကို ပလပ်ရမည် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမိန့် သို့မဟုတ် လူမွဲခံသည့်အမိန့်ကို ပယ်ဖျက်ရမည်။

**အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ သက်ရောက်မှု**

၁၂၈။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီဖြစ်စေ ပေါ်ပေါက်ခဲ့သော မြီရှင်များ၏ တောင်းဆိုမှုများအားလုံးအပေါ် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ အာမခံအကျိုးခံစားခွင့်ရမြီရှင်များက ၎င်းအာမခံရရှိထားသော ပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဂ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်း မရှိစေရ -

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင်လည်း စည်းနှောင်အားရှိသည် -

(၁) အပိုင်း (၆) လုပ်ငန်း၊

(၂) အပိုင်း (၆) လုပ်ငန်း၏ သက်ဆိုင်ရာအရာရှိများ၊ ပိုင်ရှင်များနှင့် အစုဝင်များ၊ ထို့ပြင်

(၃) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ။

( င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အစုရှယ်ယာရှင်များ၏အကျိုးကို ထိခိုက်နစ်နာစေမည့် ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) ထိုရှယ်ယာများတွင် တန်ဖိုးအလျှော့တွက်နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ၏ ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် အစုရှယ်ယာရှင်များ၏အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်းမရှိစေရ။

**တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း**

၁၂၉။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ အချက်များနှင့်အညီ တရားရုံး၏ ခွင့်ပြုထားသည်မှတစ်ပါး အပိုင်း (၆) လုပ်ငန်း၏ အာမခံအကျိုးခံစားခွင့်ရ မြီရှင်များအပေါ် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် ပြန်လည်ထူထောင်ရေးအစီအစဉ်အရ သဘောတူထားသည်မှတစ်ပါး တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ပြီး သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ ငှားရမ်းထားပြီး အပိုင်း (၆) လုပ်ငန်းက အသုံးပြုနေသော သို့မဟုတ် နေထိုင်လုပ်ကိုင်သော သို့မဟုတ် လက်ဝယ်ရယူထားသော ပစ္စည်းကို တရားရုံး၏ အမိန့်အရ ခွင့်ပြုထားသည်မှလွဲ၍ ထိုသူတို့က လက်ဝယ်ထားရှိခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည် ရယူခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ထိုအမိန့်ကို ချမှတ်နိုင်သည် -

(၁) ထိုအမိန့်ကို ချမှတ်ခြင်းမပြုပါက အစီအစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ကြီးမားသောဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိနိုင်ခြင်းနှင့်

(၂) ထိုအမိန့်ပါ အချက်အလက်များနှင့် အခြားသက်ဆိုင်သောကိစ္စရပ်များတွင် အာမခံအကျိုး ခံစားခွင့်ရမြီရှင်၊ ပိုင်ရှင် သို့မဟုတ် အငှားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးခြင်း။

**အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍ**

၁၃၀။ (က) အစီအစဉ်ကြီးကြပ်သူ၏ အပိုင်း (၆) လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင် ပြဋ္ဌာန်းထားသော အစီအစဉ်ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းဆိုင်ရာ တာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့်အပိုင်း (၆) လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည် -

(၁) အပိုင်း (၆) လုပ်ငန်း၏ အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း၊ ထို့ပြင်

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**တရားရုံးက ညွှန်ကြားနိုင်သည့်အာဏာ**

၁၃၁။ (က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ အပိုင်း (၆) လုပ်ငန်း သို့မဟုတ် ရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်လာသည့် မည်သည့်ပြဿနာကိုမဆို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတ၍ အကျိုးရှိမည်ဟု ထင်မြင်လျှင် သင့်တော်သည့် စည်းကမ်းချက်တစ်စုံတစ်ရာသတ်မှတ်၍ လျှောက်ထားမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြားသင့်တော်သည့်အမိန့်ကိုလည်း ချမှတ်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၁၃၂။ (က) ပြန်လည်ထူထောင်ရေး အစီအစဉ်အဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါကိစ္စရပ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) အပိုင်း (၆) လုပ်ငန်း၊ အပိုင်း (၆) လုပ်ငန်းကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေး မန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) အပိုင်း (၆) လုပ်ငန်း၏ ဝက်ဘ်ဆိုဒ်များအားလုံး။

(ခ) ပုဒ်မခွဲ (၁) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် အပိုင်း (၆) လုပ်ငန်း၏ အရာရှိနှင့် အပိုင်း (၆) လုပ်ငန်း၏ အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

**အစီအစဉ်ကြီးကြပ်သူအား အစားထိုးခြင်း**

၁၃၃။ (က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)၊ ပုဒ်မ ၁၈၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်တွင် အစီအစဉ်ကြီးကြပ်သူနှင့်စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်တွင်လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

## အခန်း (၅)

## ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း

### မဲခွဲရာတွင် မဲအများစုကို သတ်မှတ်ခြင်း

၁၃၄။ ဤအခန်းပါ ရည်ရွယ်ချက်များအလို့ငှာ

(က) **ထပ်ဆင့်မဲအများစု**ဆိုသည်မှာ အောက်ဖော်ပြပါ နည်းနှစ်မျိုးစလုံးဖြင့် ရရှိသည့် မဲအများစုကို ဆိုလိုသည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူမြီရှင်များနှင့်

(၂) အစည်းအဝေးတွင် မဲပေးသူမြီရှင်စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသောမြီရှင်များ။

(ခ) **အုပ်စုတစ်စုတည်း မဲအများစု**ဆိုသည်မှာ မဲခွဲရာတွင် ထပ်ဆင့်မဲအများစုတွင် ပါဝင်သောအုပ်စု နှစ်စုအနက် တစ်စုက မဲအများစုရရှိခြင်းကို ဆိုသည်။

### ရည်ရွယ်ချက်အောင်မြင်ပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ရပ်စဲခြင်း

၁၃၅။ (က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ထိုအစီအစဉ်နှင့် သက်ဆိုင်သော အခြားသူများ၏ တာဝန်ဝတ္တရားများအား အပြည့်အဝ ဆောင်ရွက်ပြီးသည့် အပြင် အစီအစဉ်အရ မြီရှင်များ၏ တောင်းဆိုမှုများကို ဆောင်ရွက်ပြီးဖြစ်ပါက အစီအစဉ် ကြီးကြပ်သူသည် အစီအစဉ်အား ရပ်စဲကြောင်း အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် အထက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ပြီး ဖြစ်ကြောင်း ဖော်ပြရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပြီးပါက ၎င်းအား ခန့်အပ်ထားမှုသည် ရပ်စဲပြီးဖြစ်သည်။

(ဂ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ခိုင်လုံသောအကြောင်း မရှိဘဲ မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိက ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဃ) အစီအစဉ်ကိုအောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မည် သို့မဟုတ် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းမည်ဟု အစီအစဉ်တွင် ဖော်ပြပါရှိလျှင် အစီအစဉ်ကြီးကြပ်သူသည် ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်းကို ပယ်ဖျက်ပေးရန် တစ်ချိန်တည်းတွင် လျှောက်ထားရမည်။ ထိုသို့လျှောက်ထားမှုအပေါ် ပုဒ်မ ၂၁၂ ပါ ပြဋ္ဌာန်းချက် များသည် ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် အစီအစဉ်ကြီးကြပ်သူက တင်သွင်းရန် အချက်အလက်များနှင့် သက်ဆိုင်စေရမည်။

### ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း

၁၃၆။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေများတွင် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည်-

(၁) အပိုင်း (၆) လုပ်ငန်းက တောင်းဆိုသည့်စာကို လက်ခံရရှိလျှင် သို့မဟုတ်

(၂) အစီအစဉ်ပါစည်းကမ်းချက်များ၏ အဓိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက် ရှိသည် သို့မဟုတ် ချိုးဖောက်ရန်အလားအလာရှိသည်ဟု အစီအစဉ်ကြီးကြပ်သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်လျှင်။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူက အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) နည်းဥပဒေတွင် ဖော်ပြထားသည့်နည်းလမ်းများအတိုင်း မြီရှင်များ၏ အစည်းအဝေး ကျင်းပမည့် အကြောင်းကြားစာပေးပို့ရမည်၊

(၂) မြီရှင်များထံပေးပို့သည့် အကြောင်းကြားစာတွင် အဆိုပြုပြောင်းလဲလိုသည့်အစီအစဉ် မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည် -

(ကက) မည်သည့်အတွက်ကြောင့် ထိုသို့ပြောင်းလဲပြင်ဆင်ကြောင်း ရှင်းလင်းချက်၊

(ခခ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ်ကြီးကြပ်သူ၏ ထင်မြင်ချက်၊

(ဂဂ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ယူဆရသည့် အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့်ပြောင်းလဲမှုသည် အပိုင်း (၆) လုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ မရှိ။

(ဂ) နည်းလမ်းတကျကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ထပ်ဆင့်မဲအများစုရရှိပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေးသဘာပတိသည် အစီအစဉ်ကိုရပ်စဲရန် မဲခွဲဆုံးဖြတ်မည့်အစည်းအဝေးကို ထပ်မံကျင်းပရမည်။

(စ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုရပ်စဲရန် ထပ်ဆင့်မဲအများစုရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည် ထူထောင်ရေးအစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) အစီအစဉ်ရပ်စဲရန် အတည်မပြုနိုင်ပါက အပိုင်း (၆) လုပ်ငန်းသည် အစီအစဉ်ကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပြီး ဤအစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုး သက်ရောက်မှုမရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၁၃၈ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အခွင့်အရေးသည် ဆက်လက်တည်ရှိနေရမည်။

(ဈ) အစီအစဉ်ရပ်စဲရန်ဆုံးဖြတ်ခဲ့ပါက အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မ ၁၃၉ နှင့်အညီ သက်ဆိုင်ရာ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များအစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေဖြင့် သတ်မှတ်ဖော်ပြထားသည့်ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

(ဋ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဌ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင်တစ်ဦးသည် ထိုသို့ ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှုရှိစေရန်အလို့ငှာ ထိုပြောင်းလဲပြင်ဆင်ချက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

**ရည်ရွယ်ချက်မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း**

၁၃၇။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှုမပြုလုပ်ခဲ့လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင်ဖော်ပြပါရှိသည့် အခြေအနေများဖြစ်ပေါ်လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအချက်များအရ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည် -

(၁) အစီအစဉ်ကြီးကြပ်သူက ချိုးဖောက်မှုသည် အရေးပါသော ချိုးဖောက်မှုဟု ယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့် အချိန်ကာလတစ်ရပ်ကုန်ဆုံးသွားလျှင် သို့မဟုတ်

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ၊ မြီရှင်တို့၏ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အစည်းအဝေးခေါ်ယူပေးရန်တောင်းဆိုလျှင်။

(ဂ) အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေး သဘာပတိက ပြန်လည်ထူထောင်ရေးအစီအစဉ်ရပ်စဲရန် မဲခွဲဆုံးဖြတ် ဆောင်ရွက်ရမည်။

(ဃ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သောမဲအများစုအရေအတွက်သည် ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (စ) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

(င) အကြောင်းကြားစာပေးပို့ခြင်းကို ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း**

၁၃၈။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများတွင် သက်ဆိုင်သည် -

(၁) အစီအစဉ်ကို ချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က အပိုင်း (၆) လုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ သို့မဟုတ် ဘဏ္ဍာရေး အခြေအနေတို့နှင့်သက်ဆိုင်သည့် အရေးပါသော အချက်အလက်များကို မြီရှင်များထံ ပေးပို့ရာတွင် မှားယွင်း၍ဖြစ်စေ၊ လွဲမှားစေရန် ရည်ရွယ်၍ဖြစ်စေ၊ ဆုံးဖြတ်ရန်အရေးပါသည့် အချက်အလက်ကို ထိမ်ချန်၍ဖြစ်စေ သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုစတင်ရန် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်စဉ်က ကြီးလေးသောဆန့်ကျင်ဆောင်ရွက်မှု ပြုလုပ်လျှင်ဖြစ်စေ သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန်ဆုံးဖြတ်ခဲ့စဉ်က အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူများ၏ ဆက်နွှယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ် ခဲ့လျှင်ဖြစ်စေ၊

(၄) စာချုပ်ပါစည်းကမ်းချက်တစ်ချက် သို့မဟုတ် တစ်ချက်ထက်ပိုသောအချက်များသည် မြီရှင် တစ်ဦး သို့မဟုတ် အများကို မမျှမတဘက်လိုက်လျှင် သို့မဟုတ် မမျှမတအဆင့်အတန်း ခွဲခြားလျှင် သို့မဟုတ် အပိုင်း (၆) လုပ်ငန်းမြီရှင်အားလုံး၏အကျိုးကို ဆန့်ကျင်နေလျှင် ဖြစ်စေ သို့မဟုတ်

(၅) လိုက်နာရန်တာဝန်ရှိသူ တစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှုပြုလျှင်ဖြစ်စေ သို့မဟုတ်

(၆) မသင့်လျော်သော နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှုမဖြစ်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရန် မဖြစ်နိုင်လျှင်ဖြစ်စေ သို့မဟုတ်

(၇) အစီအစဉ်ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ၎င်း၏တာဝန်များကို ဆန့်ကျင်ဆောင်ရွက်လျှင်ဖြစ်စေ သို့မဟုတ်

(၈) အပိုင်း (၆) လုပ်ငန်းသည် ဤဥပဒေအရ သတ်မှတ်ထားသည့် အရည်အချင်းမပြည့်မီသည့် အပိုင်း (၆) လုပ်ငန်းဖြစ်လျှင်ဖြစ်စေ။

( ခ ) ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသောအခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ဃ) ပါ အခြေအနေမှလွဲ၍ အပိုင်း (၆) လုပ်ငန်း၏ အစီအစဉ်ရပ်စဲခြင်းသည် ယခင်ဆောင်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက အစီအစဉ်တစ်စုံတစ်ရာ ရပ်စဲကြောင်းအမိန့်ချမှတ်သည့်အခါ အစီအစဉ်အရ ရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်သည်ဟုထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲအမိန့်များလည်း ချမှတ်နိုင်သည် -

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရ ချုပ်ဆိုသည့် ပဋိညာဉ်ကိုဖြစ်စေ ချိုးဖောက်သူတစ်ဦးဦး၊

(၂) အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူတစ်ဦးဦး။

( င ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟု ယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကို စတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၆/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်) တနင်္လာနေ့၊ နေ့လယ် ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ကြေညာချက်အမှတ် (၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

### ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## ကြေညာချက်အမှတ် (၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

### ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၇/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၁/၂၀၁၆) နှင့် ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ

ကော်မရှင်၏ ကြေညာချက်အမှတ် (၆၁/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၆၅၆၁<br>ဗိုလ်မှူးချုပ် ဝင်းကိုကို | အစား | ကြည်း ၂၂၃၈၂<br>ဗိုလ်မှူးကြီး ဟန်သူ |
| (၂) | ကြည်း ၂၉၄၇၇<br>ဒုတိယဗိုလ်မှူးကြီး မင်းသော်အေး | အစား | ကြည်း ၃၁၇၆၀<br>ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်း |
| (၃) | ကြည်း ၂၆၈၃၉<br>ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ | အစား | ကြည်း ၂၂၃၈၅<br>ဗိုလ်မှူးကြီး မိုးမင်းသိန်း |
| (၄) | ကြည်း ၂၉၁၄၉<br>ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ကျော် | အစား | ကြည်း ၂၈၂၀၇<br>ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်း |
| (၅) | ကြည်း ၃၃၁၇၀<br>ဗိုလ်မှူး သက်မိုးအောင် | အစား | ကြည်း ၂၆၇၉၁<br>ဗိုလ်မှူးကြီး ကျော်စိုးလွင် |
| (၆) | ကြည်း ၃၃၅၃၉<br>ဗိုလ်မှူး နှင်းစိုး | အစား | ကြည်း ၃၆၃၉၀<br>ဗိုလ်မှူး သန့်ဇင် |
| (၇) | ရေ ၃၆၈၁<br>ဗိုလ်မှူး မျိုးကိုကို | အစား | ရေ ၄၀၈၉<br>ဗိုလ်မှူး ဇော်မင်းဦး |
| (၈) | ကြည်း ၆၇၅၄၀<br>ဗိုလ်ကြီး ဒေါ်ပြည့်ပြည့်သူ | အစား | ကြည်း ၆၇၅၁၇<br>ဗိုလ်ကြီး ဒေါ်ခင်ငြိမ်းချမ်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၇)၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၃/၂၀၁၇) နှင့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏

ကြေညာချက်အမှတ် (၃၀/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၀၇၈<br>ဒုတိယဗိုလ်မှူးကြီး ခင်မောင်အုန်း | အစား | ကြည်း ၃၃၇၅၂<br>ဗိုလ်မှူး ဝင်းမင်းသန့် |
| (၂) | ကြည်း ၃၄၇၁၁<br>ဗိုလ်မှူး တင့်လွင်အေး | အစား | ကြည်း ၃၃၅၂၀<br>ဗိုလ်မှူး ကျော်မိုးသွင် |
| (၃) | ကြည်း ၂၉၆၄၃<br>ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး | အစား | ကြည်း ၂၁၀၉၃<br>ဗိုလ်မှူးကြီး ညွန့်ဝင်းအောင် |
| (၄) | ကြည်း ၃၄၈၇၇<br>ဗိုလ်မှူး ဇော်ထွန်း | အစား | ကြည်း ၄၂၅၄၈<br>ဗိုလ်မှူး ဇာနည်ထက်အောင် |
| (၅) | ကြည်း ၂၅၁၆၈<br>ဗိုလ်မှူး ခင်မောင်ချို | အစား | ကြည်း ၃၉၆၈၇<br>ဗိုလ်မှူး ကျော်ဖြိုးဝင်း |
| (၆) | ကြည်း ၂၉၆၁၅<br>ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော | အစား | ကြည်း ၂၃၃၇၈<br>ဒုတိယဗိုလ်မှူးကြီး ညဏ်ရွှေ |
| (၇) | ကြည်း ၂၇၃၇၀<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး | အစား | ကြည်း ၆၇၄၉၁<br>ဗိုလ်ကြီး ဒေါ်အေးသဥ္ဇာကျော် |
| (၈) | ကြည်း ၂၉၁၁၀<br>ဗိုလ်မှူး မျိုးမင်းအောင် | အစား | ကြည်း ၂၈၈၀၁<br>ဗိုလ်မှူး တင်လတ် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၆၉/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀) ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၆)၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၆/၂၀၁၇) နှင့် ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ

ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၀) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) **ကချင်ပြည်နယ်လွှတ်တော်**

ကြည်း ၂၀၀၈၁ ဗိုလ်မှူးကြီး သူရမျိုးတင် — အစား — ကြည်း ၂၃၇၄၂ ဗိုလ်မှူးကြီး နေလင်းထွန်း

(ခ) **ကယားပြည်နယ်လွှတ်တော်**

ကြည်း ၃၀၆၄၀ ဗိုလ်မှူး မျိုးမြင့် — အစား — ကြည်း ၃၆၃၅၉ ဗိုလ်မှူး အောင်ကိုကို

(ဂ) **ကရင်ပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၈၂၈၈ ဒုတိယဗိုလ်မှူးကြီး မင်းရဲထွေး — အစား — ကြည်း ၂၂၇၉၈ ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း

(၂) ကြည်း ၃၆၂၁၇ ဗိုလ်မှူး တေဇာအောင် — အစား — ကြည်း ၃၅၉၈၅ ဗိုလ်မှူး ဇော်လတ်ဝင်း

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

ကြည်း ၂၁၀၅၇ ဗိုလ်မှူး ဖုန်းမြင့်နိုင် — အစား — ကြည်း ၃၄၇၈၇ ဗိုလ်မှူး စိုးဝင်းမြင့်

(င) **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၂၀၅၈၆ ဗိုလ်မှူးကြီး မြင့်ဆွေ — အစား — ကြည်း ၂၇၃၇၄ ဗိုလ်မှူးကြီး အောင်မျိုးမင်း

(၂) ကြည်း ၃၄၈၃၆ ဗိုလ်မှူး ကိုမင်း — အစား — ကြည်း ၄၈၇၄၆ ဗိုလ်ကြီး ကျော်စွာဝင်း

(စ) **ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၂၉၁၄၈ ဗိုလ်မှူး ဖြိုးမင်းသန့် — အစား — ကြည်း ၄၀၃၉၃ ဗိုလ်မှူး အောင်ဆန်းလင်း

(၂) ကြည်း ၃၇၇၀၁ ဗိုလ်မှူး ဝင်းဟန် — အစား — ကြည်း ၃၉၁၆၂ ဗိုလ်မှူး ကျော်သူရိန်အောင်

(ဆ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၂၆၁၃၀ ဒုတိယဗိုလ်မှူးကြီး နေမျိုးဝေ — အစား — ကြည်း ၂၂၇၀၁ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်

(၂) ကြည်း ၃၃၅၂၆ ဗိုလ်မှူး ကျော်မြင့်အောင် — အစား — ကြည်း ၃၃၅၃၂ ဗိုလ်မှူး မျိုးမင်းလတ်

(ဇ) **မွန်ပြည်နယ်လွှတ်တော်**

(၁) ကြည်း ၁၉၃၁၉ ဗိုလ်မှူးကြီး ဝင်းနိုင်ဦး — အစား — ကြည်း ၂၆၉၃၉ ဗိုလ်မှူးကြီး နေထွဋ်ဦး

(၂) ရေ ၃၇၀၀ ဗိုလ်မှူး သိန်းဇော် — အစား — ရေ ၄၂၁၉ ဗိုလ်မှူး နေမျိုးထွန်း

(ဈ) **ရခိုင်ပြည်နယ်လွှတ်တော်**

ကြည်း ၂၄၃၂၇ ဒုတိယဗိုလ်မှူးကြီး ချိုဦး — အစား — ကြည်း ၂၇၀၁၀ ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်

**(ည) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၀၅၇၅<br>ဒုတိယဗိုလ်မှူးကြီး သန့်ဇင်လှိုင် | အစား | ကြည်း ၂၉၆၉၀<br>ဒုတိယဗိုလ်မှူးကြီး သန်းလွင် |
| (၂) | ကြည်း ၂၈၅၂၁<br>ဗိုလ်မှူး မော်သူရိန် | အစား | ကြည်း ၃၉၉၉၂<br>ဗိုလ်မှူး အောင်နွေစိုး |
| (၃) | ကြည်း ၂၇၄၀၃<br>ဗိုလ်မှူး မျိုးခိုင် | အစား | ကြည်း ၃၉၅၉၉<br>ဗိုလ်မှူး ဝေယံလင်း |
| (၄) | ကြည်း ၃၆၇၈၁<br>ဗိုလ်မှူး ကျော်ကျော်ဝိုင်း | အစား | ကြည်း ၅၄၅၅၇<br>ဗိုလ်ကြီး ကိုကို |
| (၅) | လေ ၂၈၅၄<br>ဗိုလ်မှူး မျိုးမင်းထွန်း | အစား | လေ ၃၁၃၈<br>ဗိုလ်မှူး ခိုင်မျိုးထွန်း |
| (၆) | ကြည်း ၂၇၇၆၉<br>ဗိုလ်ကြီး ခင်မောင်ဝင်း | အစား | ကြည်း ၅၂၀၉၀<br>ဗိုလ်ကြီး ရဲရင့်ဝင်း |

**(ဋ) ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၉၅၆<br>ဗိုလ်မှူး ဇော်ထွန်း | အစား | ကြည်း ၃၇၄၆၂<br>ဗိုလ်မှူး စိုးရန်နိုင် |
| (၂) | ကြည်း ၂၆၁၉၀<br>ဗိုလ်မှူး အောင်မျိုးကြည် | အစား | ကြည်း ၄၀၀၄၆<br>ဗိုလ်မှူး ပြည့်ဖြိုးအောင် |
| (၃) | ကြည်း ၂၄၁၆၆<br>ဗိုလ်မှူး သန်းထွန်းဦး | အစား | ကြည်း ၃၂၂၅၇<br>ဗိုလ်မှူး အောင်မျိုးမင်း |
| (၄) | ကြည်း ၃၃၅၂၂<br>ဗိုလ်မှူး အောင်ဇော်မျိုး | အစား | ကြည်း ၄၀၁၃၄<br>ဗိုလ်မှူး ကျော်ဇင်ထိုက် |
| (၅) | ကြည်း ၃၆၁၃၃<br>ဗိုလ်မှူး ဖြိုးဝေဇော် | အစား | ကြည်း ၃၆၁၃၇<br>ဗိုလ်မှူး မျိုးမင်းထွန်း |
| (၆) | ကြည်း ၃၁၆၅၆<br>ဗိုလ်ကြီး မြင့်ထွန်းနိုင် | အစား | ကြည်း ၅၆၈၅၂<br>ဗိုလ်ကြီး ပြည့်စုံကိုကို |
| (၇) | ကြည်း ၃၄၉၀၈<br>ဗိုလ်ကြီး စိုးခိုင် | အစား | ကြည်း ၅၄၄၆၇<br>ဗိုလ်ကြီး လွှမ်းမိုးအောင် |

**(ဌ) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၇၉၆၁<br>ဗိုလ်မှူး ကိုကိုမောင် | အစား | ကြည်း ၃၃၅၃၅<br>ဗိုလ်မှူး နိုင်ထူးအေး |
| (၂) | လေ ၂၈၈၀<br>ဗိုလ်မှူး ဝဏ္ဏစိုး | အစား | လေ ၂၈၅၉<br>ဗိုလ်မှူး ဇေယျာမြင့် |
| (၃) | လေ ၃၀၇၄<br>ဗိုလ်မှူး အောင်ကျော်မိုး | အစား | လေ ၂၉၅၃<br>ဗိုလ်မှူး မျိုးမြင့်အောင် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကယားပြည်နယ်ကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **ကယားပြည်နယ်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ကယားပြည်နယ်ဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကယားပြည်နယ်ဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကယားပြည်နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကယားပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကယားပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ကယားပြည်နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကယားပြည်နယ်ဦးစီးမှူး<br>ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ကယားပြည်နယ်ဦးစီးမှူး<br>ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ကယားပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကယားပြည်နယ်ဦးစီးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ကယားပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ကယားပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |

(ဏ) ကယားပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) ကယားပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ထ) ကယားပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဓ) ဦးစီးမှူး အတွင်းရေးမှူး
ကယားပြည်နယ်လူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကယားပြည်နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်တို့ကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို သေချာစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(စ) မသန်စွမ်းသူများအား မသန်စွမ်းမှုအပေါ် အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ကူညီကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ပြည်နယ်ရှိဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းမှု အကျုံးဝင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ပြည်နယ်အတွင်းလိုအပ်သည့် ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပြည်နယ်ကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားကော်မတီသို့ တစ်နှစ်လျှင် အနည်းဆုံး (၂) ကြိမ် အစီရင်ခံတင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၀၁/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကရင်ပြည်နယ်ကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **ကရင်ပြည်နယ်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ကရင်ပြည်နယ်ဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ကရင်ပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ကရင်ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |

(ဏ) ကရင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) ကရင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ထ) ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဓ) ဦးစီးမှူး အတွင်းရေးမှူး
ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကရင်ပြည်နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ်အလိုက် လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာပြည်နယ်အလိုက် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်တို့ကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို သေချာစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(စ) မသန်စွမ်းသူများအား မသန်စွမ်းမှုအပေါ် အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ကူညီကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) သက်ဆိုင်ရာပြည်နယ်ရှိ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းမှု အကျုံးဝင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ပြည်နယ်အတွင်းလိုအပ်သည့် ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပြည်နယ်ကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားကော်မတီသို့ တစ်နှစ်လျှင် အနည်းဆုံး (၂) ကြိမ် အစီရင်ခံတင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၀၂/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ချင်းပြည်နယ်ကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **ချင်းပြည်နယ်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (က) ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) ချင်းပြည်နယ်ဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) ချင်းပြည်နယ်ဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) ချင်းပြည်နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ချင်းပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) ချင်းပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) ချင်းပြည်နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) ချင်းပြည်နယ်ဦးစီးမှူး<br>ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) ချင်းပြည်နယ်ဦးစီးမှူး<br>ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) ချင်းပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) ချင်းပြည်နယ်ဦးစီးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) ချင်းပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) ချင်းပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |

(ဏ) ချင်းပြည်နယ်ဦးစီးမှူး    အဖွဲ့ဝင်
ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) ချင်းပြည်နယ်ဦးစီးမှူး    အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ထ) ချင်းပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့    အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး    အဖွဲ့ဝင်

(ဓ) ဦးစီးမှူး    အတွင်းရေးမှူး
ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး    တွဲဖက်အတွင်းရေးမှူး
ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ချင်းပြည်နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအစီအစဉ်တို့ကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ ၎င်းတို့နေထိုင်ရာ ရပ်ရွာအတွင်း အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို သေချာစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(စ) မသန်စွမ်းသူများအား မသန်စွမ်းမှုအပေါ် အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း၊ အလွဲသုံးခြင်း၊ မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ကူညီကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ပြည်နယ်ရှိဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ လုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းမှုအကျုံးဝင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဇ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ပြည်နယ်အတွင်း လိုအပ်သည့် ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းခြင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီများ ထပ်မံဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပြည်နယ်ကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားကော်မတီသို့ တစ်နှစ်လျှင် အနည်းဆုံး (၂) ကြိမ် အစီရင်ခံတင်ပြခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

**Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

(ပုံ) ဥက္ကဋ္ဌ
Universal Periodic Review (UPR)
အကြံပြုတိုက်တွန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်ရေး
အမျိုးသားအဆင့်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

အမှတ် ၅၆၇/၂၀၁၈ ။ ။ ကူဝိတ်မြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးအေးခိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

အမှတ် ၅၇၇/၂၀၁၈ ။ ။ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

အမှတ် ၅၉၁/၂၀၁၈ ။ ။ ဟန္ဒိုင်းမြို့၊ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဦးအောင်နိုင်မိုး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး-၂ အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၅၉၂/၂၀၁၈ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ဌာနစုမှူး-၁ ဦးသန်းထွန်းဝင်း အား မြန်မာသံရုံး၊ ဟန္ဒိုင်းမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀၁/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြု ခန့်ထားလိုက်သည် -

(က) ရဲ ၅၄၆၀ ယာယီရဲမှူးကြီး သန့်လွင်မောင်
ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာန
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာန

( ခ ) ရဲ ၁၉၀၈ ယာယီရဲမှူးကြီး နိုင်လင်း
ဌာနမှူး၊ နည်းပညာဌာန
သတင်းရဲတပ်ဖွဲ့

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄၅/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ စာအမှတ်၊ ၅ ရာထူး (လေ-၁) ၂၀၁၈ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ စ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည် -

(က) လေ ၃၂၃၀ ဗိုလ်ကြီး စိုးသီဟကျော်
လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်

( ခ ) လေ ၃၂၄၀ ဗိုလ်ကြီး ကောင်းထက်စိုး
အမှတ် (၄၆) သယ်ယူပို့ဆောင်ရေးအုပ်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄၆/၂၀၁၈)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၈ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အမှတ် (၆) စစ်မြေပြင်ဆေးတပ်ရင်းမှ ကြည်း-၆၀၄၅၅ ဗိုလ်ကြီး ဇင်လင်းထူး အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှုခင်းဆိုင်ရာ DNA ဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄၈/၂၀၁၈)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၂၅ ရာထူး (ရေ-၁၂) ၂၀၁၈ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်

ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၁၁) ဦးတို့အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည် -

(က) ရေ ၄၄၂၀ ဗိုလ်ကြီး ဇော်ဇော်ထွန်း
အမှတ် (၅၆) စစ်ရေယာဉ်စု

(ခ) ရေ ၄၄၇၃ ဗိုလ်ကြီး နိုင်ညီညီ
ရေတပ်သင်္ဘောကျင်းဌာနချုပ်

(ဂ) ရေ ၄၄၈၄ ဗိုလ်ကြီး မျိုးမောင်မောင်
ရေတပ်သင်္ဘောကျင်းဌာနချုပ်

(ဃ) ရေ ၄၄၈၆ ဗိုလ်ကြီး ဟန်ညီညီဇော်
ရေတပ်သင်္ဘောကျင်းဌာနချုပ်

(င) ရေ ၄၅၃၅ ဗိုလ်ကြီး အောင်စည်သူဝင်း
ရေတပ်သင်္ဘောကျင်းဌာနချုပ်

(စ) ရေ ၄၅၅၀ ဗိုလ်ကြီး ကျော်စိုးသူ
အမှတ် (၂) ဗျူဟာစစ်ရေယာဉ်စု

(ဆ) ရေ ၄၇၃၃ ဗိုလ်ကြီး ကျော်ဇေယျ
အမှတ် (၂) ဗျူဟာစစ်ရေယာဉ်စု

(ဇ) ရေ ၄၇၇၆ ဗိုလ်ကြီး နေလင်းထွန်း
ရေတပ်သင်္ဘောကျင်းဌာနချုပ်

(ဈ) ရေ ၄၈၂၃ ဗိုလ်ကြီး အောင်မျိုးဦး
အမှတ် (၅၃) ရေတပ်အုပ်ချုပ်ရေးတပ်

(ည) ရေ ၄၈၂၄ ဗိုလ်ကြီး ရဲသူထွန်း
အမှတ် (၃) ဗျူဟာစစ်ရေယာဉ်စု

(ဋ) ရေ ၄၉၅၇ ဗိုလ်ကြီး ဖြိုးသီဟ
အမှတ် (၄၈) ရေတပ်အခြေစိုက်စခန်း

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈၂/ ၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၂၀၅၄ ယာယီရဲမှူးကြီး စောနေလင်း
ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး
ရှမ်းပြည်နယ်ရဲတပ်ဖွဲ့

(ခ) ရဲ ၂၀၅၇ ယာယီရဲမှူးကြီး မြင့်ဆွေ
ညွှန်ကြားရေးမှူး၊ ရဲစည်းကမ်းဥပဒေဌာန
ရဲရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## အမိန့်ကြော်ငြာစာ (၁၀၉၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

၁။ **ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ မုဆိုးကွင်းကျေးရွာအုပ်စုတွင်** ကြိုးဝိုင်းတောမြေအဖြစ်မှပယ်ဖျက်ပြီးဖြစ်သော ဘုရားကုန်းကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းပြီး မြေပြင်တွင်အမှန်တကယ်မရှိတော့သည့် ကျေးရွာ (၁၁) ရွာအား ပယ်ဖျက်ခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **မြောင်းမြမြို့နယ်တွင် ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းပြီး ကျေးရွာ (၁၁) ရွာ ပယ်ဖျက်ခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) မုဆိုးကွင်း | (၁) မုဆိုးကွင်း | (၁) မုဆိုးကွင်း | (၁) မုဆိုးကွင်း |
| | (၂) ညောင်လေးပင် | | (၂) ညောင်လေးပင် |
| | (၃) သမ္မာချိုင် | | (၃) သမ္မာချိုင် |
| | (၄) မရမ်းချောင်း | | (၄) မရမ်းချောင်း |
| | (၅) ကသစ်ကုန်း | | (၅) ကသစ်ကုန်း |
| | (၆) **စိုက်ပျိုးရေး** | | (၆) **ဘုရားကုန်း** |
| | (၇) **အောင်ဇေယျ** | | |
| | (၈) **ဂန့်ဂေါ်ကုန်း** | | |
| | (၉) **ထောင်ကုန်း** | | |
| | (၁၀) **ရွှေဒါးကုန်း** | | |
| | (၁၁) **ရိုးကူး** | | |
| | (၁၂) **ပါစကယ်ကုန်း** | | |
| | (၁၃) **စစ်တလင်း** | | |
| | (၁၄) **အုတ်ကျင်း** | | |
| | (၁၅) **ဂန့်ဂေါ်ကုန်းရွာသစ်** | | |
| | (၁၆) **ဇောင်းယားပင်ဆိပ်** | | |

၂။ အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ မုဆိုးကွင်းကျေးရွာအုပ်စုတွင် ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ (၁၁) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် မြောင်းမြမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် မြောင်းမြမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်တွင် ရပ်ကွက် (၄) ရပ်ကွက် ပါဝင်သော **အင်ပင်မြို့တိုးချဲ့ဖွဲ့စည်း၍ အင်ပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၂၃) ရွာအား ပယ်ဖျက်ပြီး** အင်ပင်ကျေးရွာအုပ်စုကို စမ်းကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) မြန်အောင်မြို့နယ်တွင် မြို့ (၁) မြို့၊ ရပ်ကွက် (၄) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) အင်ပင် | (၁) အမှတ် (၁) |
| | (၂) **အမှတ် (၂)** |
| | (၃) အမှတ် (၃) |
| | (၄) အမှတ် (၄) |

**( ခ ) ကျေးရွာအုပ်စု (၁) အုပ်စု အမည်ပြောင်းလဲဖွဲ့စည်းပြီး ကျေးရွာ (၂၃) ရွာ ပယ်ဖျက်ခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၂) အင်ပင် | (၁) စမ်း | (၁) **စမ်း** | (၁) စမ်း |
| | (၂) **အင်ပင်** | | |
| | (၃) **လယ်တီခုတ်** | | |
| | (၄) **ဂုံညှင်းတန်း** | | |
| | (၅) **အနောက်ကုန်း** | | |
| | (၆) **မြောင်ကြီး** | | |
| | (၇) **အိုးဘိုကုန်း** | | |
| | (၈) **ရှားဖြူကုန်း** | | |
| | (၉) **ကံကြီး** | | |
| | (၁၀) **တံတားကွင်းကလေး** | | |
| | (၁၁) **ဂုံးပိုင်း** | | |
| | (၁၂) **မီးသွေးမြောင်** | | |
| | (၁၃) **ဆပ်သွားချောင်း** | | |
| | (၁၄) **အရှေ့ကုန်း** | | |
| | (၁၅) **တံတားကွင်းကြီး** | | |
| | (၁၆) **မိဿလင်ချောင်** | | |
| | (၁၇) **ကုန်းကြီး** | | |
| | (၁၈) **တောင်နီလေး** | | |
| | (၁၉) **ဝွေးကုန်း** | | |
| | (၂၀) **ရွာတန်းရှည်** | | |
| | (၂၁) **ကျောင်းကုန်း** | | |
| | (၂၂) **အညာစု** | | |
| | (၂၃) **ဂန့်ဂလာချောင်** | | |
| | (၂၄) **ကျီးပင်** | | |

၄။ အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ်တွင် ရပ်ကွက် (၄) ရပ်ကွက်ပါဝင်သော မြို့ (၁) မြို့ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စု (၁) အုပ်စု အမည်ပြောင်းလဲဖွဲ့စည်းခြင်းနှင့် ကျေးရွာ (၂၃) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် မြန်အောင်မြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် မြန်အောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်း ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၅၄၃/၁၄/၂၀/၄၇/ရခ-၁/၂၀၁၇ အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀- ၂၉၅,၀၀၀) နေရာများအတွက် ရွေးချယ်ခြင်းခံရသူ ပြင်ပပုဂ္ဂိုလ် (၅) ဦးတို့အား အောက်ဖော်ပြပါအတိုင်း ၎င်းတို့နှင့်ယှဉ်တွဲပါဌာနများတွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်ယမင်းငွေး<br>၅/မရန (နိုင်) ၂၀၂၇၄၇ | လက်ထောက်အင်ဂျင်နီယာ (စစ်ဆေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စစ်ဆေးရေးဌာနစု၊ ပုဂံဌာနခွဲ |
| (ခ) | ဒေါ်မေမြတ်နိုးကို<br>၉/အမဇ (နိုင်) ၀၄၅၂၉၃ | လက်ထောက်အင်ဂျင်နီယာ (ပုံဆွဲ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုံဆွဲဌာနစု၊ ပုဂံဌာနခွဲ |
| (ဂ) | ဒေါ်သန္တာအောင်<br>၁၄/ပသန (နိုင်) ၂၀၉၅၀၅ | လက်ထောက်အင်ဂျင်နီယာ (ပြင်/ထိန်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အဆောက်အအုံဌာနစု၊ ပုဂံဌာနခွဲ |
| (ဃ) | ဒေါ်ဇင်မာထွန်း<br>၅/ဝသန (နိုင်) ၀၆၀၆၉၀ | လက်ထောက်အင်ဂျင်နီယာ (ပြင်/ထိန်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အဆောက်အအုံဌာနစု၊ ပုဂံဌာနခွဲ |
| (င) | ဒေါ်အေးအေးကြွယ်<br>၅/စကန (နိုင်) ၂၄၅၁၁၂ | လက်ထောက်အင်ဂျင်နီယာ (ပြင်/ထိန်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အဆောက်အအုံဌာနစု၊ ပုဂံဌာနခွဲ |

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၀၄၇/ရအဖ-၁/၁၄/၂၀/၄၇/ရခ-၁/၂၀၁၇ ဖြင့် ရွေးချယ်ပေးပို့သော အောက်ဖော်ပြပါ ဌာနဆိုင်ရာဝန်ထမ်း (၁၆) ဦးနှင့် ပြင်ပပုဂ္ဂိုလ် (၉) ဦး၊ စုစုပေါင်း (၂၅) ဦးတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နေရာ၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစ၍ စတင်ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ခန့်ထားမည့်ရုံး | မှတ်ချက် |
|---|---|---|---|---|
| (က) | ဦးနိုင်လွင်ဦး | ၉/မထလ (နိုင်) ၂၂၉၅၉၂ | ကျောက်ပန်းတောင်းမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ခန့်ထားမည့်ရုံး | မှတ်ချက် |
|---|---|---|---|---|
| (ခ) | ဦးနီ | ၅/ကဘလ (နိုင်) ၁၉၃၄၅၇ | ဥတ္တရသီရိမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဂ) | ဦးတင်မောင်မြင့် | ၁/မကတ (နိုင်) ၀၈၂၄၄၉ | မိုးကောင်းမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဃ) | ဦးစွမ်းပြည့် | ၁၁/ကတန (နိုင်) ၁၀၄၅၁၁ | ရုံးအဖွဲ့ဌာနစု ဦးစီးရုံး | ပြင်ပ |
| (င) | ဦးသိန်းနိုင်ထူး | ၈/ခမန (နိုင်) ၁၅၇၂၇၀ | ဆောမြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (စ) | ဦးနန်းဝင်းကြည် | ၁၂/ခရန (နိုင်) ၁၂၈၁၆၈ | သုံးခွမြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (ဆ) | ဦးနေဇာလင်း | ၇/ရတန (နိုင်) ၁၀၀၉၈၇ | သာယာဝတီမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဇ) | ဦးအောင်သူ | ၅/မမန (နိုင်) ၀၈၄၉၉၆ | ဇမ္ဗူသီရိမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဈ) | ဦးစိုးသူ | ၅/မကန (နိုင်) ၀၆၄၉၇၇ | ကန့်ဘလူမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ည) | ဦးကျော်ဇင် | ၇/ဖမန (နိုင်) ၁၃၂၄၈၅ | ဖျာပုံမြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (ဋ) | ဦးထွန်းလင်းအောင် | ၁၂/တတထ (နိုင်) ၀၀၅၂၁၀ | ဝါးခယ်မမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဌ) | ဦးထွန်းထွန်းနိုင် | ၅/မမန (နိုင်) ၀၇၂၅၄၀ | မြန်အောင်မြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဍ) | ဦးလင်းထွဋ်အောင် | ၃/ဘအန (နိုင်) ၂၂၅၉၆၃ | သရက်မြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (ပ) | ဦးကျော်ဇေယျ | ၉/ဝတန (နိုင်) ၂၀၆၉၂၈ | ခင်ဦးမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဏ) | ဦးတင်ဝင်းကျော် | ၁၂/မရက (နိုင်) ၀၃၀၃၂၉ | မိုးကုတ်မြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (တ) | ဦးကျော်မိုးသက် | ၉/ပမန (နိုင်) ၂၃၈၉၅၄ | မြောက်ဦးမြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (ထ) | ဦးမြတ်သူရိန်ဇော် | ၉/ပမန (နိုင်) ၂၃၈၈၇၃ | မိတ္ထီလာခရိုင် သာသနာရေးမှူးရုံး | ပြင်ပ |
| (ဒ) | ဦးဗိုလ်ဗိုလ်ကျော် | ၁၂/ဥကတ (နိုင်) ၁၆၉၅၅၇ | ကျိုက်မရောမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဓ) | ဦးမျိုးသီဟ | ၉/ကပတ (နိုင်) ၂၁၈၈၁၉ | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) | ပြင်ပ |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ခန့်ထားမည့်ရုံး | မှတ်ချက် |
|---|---|---|---|---|
| (န) | ဦးရဲထွန်းစိုးနိုင် | ၉/မတရ (နိုင်) ၁၆၂၀၃၅ | ဘိုကလေးမြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (ပ) | ဦးညိုအောင် | ၇/ပခတ (နိုင်) ၀၆၁၆၆၀ | လေရှီးမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဖ) | ဦးရဲဖြိုး | ၉/ကပတ (နိုင်) ၂၁၆၃၁၅ | မိုင်းခတ်မြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဗ) | ဦးကျော်ကျော်ထက် | ၁၂/မဂဒ (နိုင်) ၁၅၄၀၀၄ | နန်းယွန်းမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဘ) | ဦးမင်းသိမ်း | ၉/ပဥလ (နိုင်) ၀၃၁၅၉၇ | မချမ်းဘောမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (မ) | ဦးဌေးအောင် | ၉/တကန (နိုင်) ၁၅၈၁၉၆ | ရှားတောမြို့နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |

အမှတ်စဉ် (န) မှ ဦးရဲထွန်းစိုးနိုင် အား လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) တွင် တွဲဖက်တာဝန်ချထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမောင်ဝင်း အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ယာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၈)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးအား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့အမည်နှင့်ယှဉ်တွဲပါ ဌာန/ဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူးနှင့် တာဝန်ကျ ဌာန၊ ဒေသ | တိုးမြှင့်ရာထူးနှင့်ပြောင်းရွှေ့ တာဝန်ချထားမည့်ဌာန၊ ဒေသ |
|---|---|---|---|
| (က) | ဦးရဲခေါင် | ဒုတိယညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) | ညွှန်ကြားရေးမှူး<br>ဆင်းရဲမှုလျှော့ချရေးအထောက်<br>အကူပြုဌာန (ရုံးချုပ်) |
| (ခ) | ဦးစိုးမောင် | ဒုတိယညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) | ညွှန်ကြားရေးမှူး/ပြည်နယ်ဦးစီးမှူး<br>မွန်ပြည်နယ် |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးပညာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာစောပိုပို အား လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၄ နှင့်အညီ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ တစ်ရပ် ထူထောင်၍ ယင်းရန်ပုံငွေကိုကြီးကြပ်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

**အမည်**

၁။ ဤစည်းမျဉ်းကို အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ (Universal Service Fund, USF) ထူထောင်ခြင်းစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤစည်းမျဉ်းတွင်ပါဝင်သော စကားရပ်များသည် ဆက်သွယ်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရန်ပုံငွေ**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထူထောင်ထားသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ (Universal Service Fund, USF) ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန**ဆိုသည်မှာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဃ) **ကြီးကြပ်ကွပ်ကဲရေးအဖွဲ့**ဆိုသည်မှာ ရန်ပုံငွေကို ထူထောင်အသုံးပြု၍ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးအစီအစဉ်များ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့အတွက် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

**ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း**

**ရန်ပုံငွေထူထောင်ခြင်း**

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၄ နှင့်အညီ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ (Universal Service Fund, USF) တစ်ရပ်ကို ဤစည်းမျဉ်းဖြင့် ထူထောင်လိုက်သည်။

၄။ ဝန်ကြီးဌာနသည် ရန်ပုံငွေကို အောက်ပါတို့ဖြင့် ထူထောင်ရမည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိသူများထံမှ ထည့်ဝင်ငွေများ၊

(ခ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ လှူဒါန်းထည့်ဝင်ငွေများ၊

(ဂ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ တရားဝင်အဖွဲ့အစည်းများ ပုဂ္ဂိုလ်များမှ ထောက်ပံ့ငွေများ၊

(ဃ) စည်းမျဉ်းအပိုဒ် ၅ နှင့် ၆ တို့ပါ ဒဏ်ငွေအဖြစ် သတ်မှတ်သောငွေများ။

၅။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများသည် -

(က) နည်းဥပဒေသတ်မှတ်ချက်များပါ ရန်ပုံငွေအားထည့်ဝင်ရန် စေ့ရောက်သည့်အချိန်တွင် အပြည့်အဝထည့်ဝင်ရမည်။

(ခ) ရန်ပုံငွေထည့်ဝင်ရန် နောက်ကျပါက ထိုနောက်ကျသည့် ရန်ပုံငွေအပေါ်တွင်လည်းကောင်း၊ ရန်ပုံငွေအား အပြည့်အဝထည့်ဝင်ခြင်းမရှိပါက ကျန်ငွေအပေါ်တွင်လည်းကောင်း ဒဏ်ငွေအဖြစ် တစ်လလျှင် ၁ ရာခိုင်နှုန်း အတိုးသတ်မှတ်၍ ကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါ ဒဏ်ငွေအဖြစ် သတ်မှတ်ထားသောငွေများအား ရန်ပုံငွေ ငွေစာရင်းသို့ ထည့်သွင်းရမည်။

၆။ လုပ်ငန်းစာချုပ်များ ချုပ်ဆိုသော တင်ဒါအောင်မြင်သူ ကန်ထရိုက်တာများ၏ ပျက်ကွက်မှုများအတွက် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအရ ယင်းတို့မှ ပြန်လည်ပေးလျော်ရမည့်လျော်ကြေးများကိုလည်း ဒဏ်ငွေအဖြစ် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါငွေအား ရန်ပုံငွေ ငွေစာရင်းသို့ ထည့်သွင်းရမည်။

၇။ ရန်ပုံငွေထူထောင်ရာတွင် မြန်မာကျပ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်း (Account) ဖွင့်လှစ်၍လည်းကောင်း၊ နိုင်ငံခြားငွေများကို နိုင်ငံပိုင်ဘဏ်တစ်ခုတွင် ငွေစာရင်း (Account) ဖွင့်လှစ်၍လည်းကောင်း ထားရှိရမည်။

**ရန်ပုံငွေသုံးစွဲခြင်း**

၈။ ထူထောင်ထားရှိသည့် ရန်ပုံငွေကို အောက်ပါအတိုင်းသုံးစွဲရမည် -

(က) ဤစည်းမျဉ်းအရ ထူထောင်သောရန်ပုံငွေသည် ဝန်ကြီးဌာန၏ ရန်ပုံငွေအပါအဝင် နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းရန်ပုံငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ရန်ပုံငွေကို လွတ်လပ်သော ရန်ပုံငွေတစ်ရပ်အဖြစ် အပိုဒ် ၂၆ ပါ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရမည်။

၉။ ရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးအစီအစဉ်များအတွက် လိုအပ်သော ဖိုက်ဘာ၊ ရေဒီယိုဆက်သွယ်မှုများအပါအဝင် ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊

(ခ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဝန်ဆောင်မှုများအား စနစ်တကျအသုံးပြုနိုင်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု သင်တန်းများပေးခြင်း၊ အခြေခံပညာကျောင်းများတွင် မြန်နှုန်းမြင့်အင်တာနက်စနစ် ဆက်သွယ်ပေးခြင်းနှင့် ICT သင်တန်းများဆောင်ရွက်ပေးခြင်း၊ ကျောင်းမဟုတ်သည့် သင်ကြားရေးစင်တာများနှင့် အခြားသောလူမှုအဖွဲ့အစည်းများတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးချနိုင်ရေးသင်တန်းများ (Digital Literacy Training) ပို့ချခြင်းနှင့် လိုအပ်ပါက မြန်နှုန်းမြင့်အင်တာနက်စနစ် ဆက်သွယ်ပေးခြင်းများဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်ဝန်ဆောင်မှုအားဖြင့် မရောက်ရှိနိုင်သော ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများနှင့် ကွန်ရက်လွှမ်းခြုံမှုရှိသော်လည်း အသုံးပြုရန် အခက်အခဲရှိသော ပြည်သူများအတွက် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) တိုင်းရင်းသားလူနည်းစုများ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် အစီအစဉ်များနှင့် နည်းပညာများ ဆောင်ရွက်ပေးခြင်း၊

(င) အများပြည်သူအကျိုးငှာ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးရည်မှန်းချက်များအား အထောက်အကူဖြစ်စေရန် လိုအပ်သော သုတေသနပြုလုပ်ခြင်းနှင့် အချက်အလက်များကောက်ခံခြင်း၊

(စ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ၏ အဓိကမူဘောင်များဖြစ်သော နေရာဒေသမရွေး အခြေခံဆက်သွယ်မှုရရှိနိုင်စေရန် (Availability)၊ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်စေရန် (Accessibility)၊ လူတန်းစားမရွေး အသုံးပြုနိုင်သော ဈေးနှုန်းဖြစ်စေရန် (Affordability)၊ ပြည်သူလူထုအနေဖြင့် သတင်းအချက်အလက်နည်းပညာဝန်ဆောင်မှုများ အသုံးပြုနိုင်စွမ်း (Ability) တိုးမြှင့်လာစေရန် စသည်တို့အား အထောက်အကူဖြစ်စေမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ ရန်ပုံငွေအား အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူဖြစ်စေမည့်လုပ်ငန်းများမှအပ ကျန်လုပ်ငန်းများအတွက် သုံးစွဲခြင်းမပြုရ။

**ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၁။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၄ အရ ရန်ပုံငွေကိုကြီးကြပ်ရန် ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်ပေးခြင်း၊

(ခ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်သူများ ညှိနှိုင်းဆွေးနွေး၍ သုံးသပ်တင်ပြလာသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာမဟာဗျူဟာအား အတည်ပြုပေးခြင်း၊

(ဂ) ရန်ပုံငွေဖြင့်သုံးစွဲမည့် အသုံးစရိတ်အတွက် နှစ်စဉ်ရန်ပုံငွေလျာထားချက် တင်ပြလာမှုအား စိစစ်အတည်ပြုပေးခြင်း၊

(ဃ) နှစ်စဉ်အသုံးပြုမည့် ရန်ပုံငွေအား စိစစ်အတည်ပြုပြီးပါက ရန်ပုံငွေ လျာထားချက်ပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အဆိုပါရန်ပုံငွေအား ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ သီးခြားဖွင့်လှစ်ထားသည့် ငွေစာရင်းသို့ ဝန်ကြီးဌာန၏ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေစာရင်းမှ လွှဲပြောင်းပေးခြင်း၊

(င) နှစ်စဉ်ရန်ပုံငွေသုံးစွဲမှု အစီရင်ခံစာအား စိစစ်အတည်ပြုပေးခြင်း၊

(စ) စာရင်းစစ်ဆေးပြီးစီးသည့် နှစ်စဉ်ရန်ပုံငွေစာရင်းရှင်းတမ်းအား စိစစ်အတည်ပြုပေးခြင်း။

၁၂။ ဝန်ကြီးဌာနသည် ရန်ပုံငွေကို တိုးပွားစေရန်အတွက် ငွေစုစာရင်းဖွင့်လှစ်အပ်နှံခြင်း၊ ငွေစုလက်မှတ်ဝယ်ယူစုဆောင်းခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းတို့ကို ပြုလုပ်နိုင်သည်။

**ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁၃။ ဝန်ကြီးဌာနသည် -

(က) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေ ထူထောင်သုံးစွဲခြင်းတို့တွင် စနစ်တကျရှိစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့တွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် အဖွဲ့ဝင် ၅ ဦးပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည် -

(၁) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော ကိုယ်စားလှယ်တစ်ဦး၊

(၂) ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊

(၃) ဆက်သွယ်ရေးအော်ပရေတာနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူများမှ ကိုယ်စားလှယ်တစ်ဦး၊

(၄) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော ကိုယ်စားလှယ်တစ်ဦး၊

(၅) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက တာဝန်ပေးအပ်သော ကိုယ်စားလှယ်တစ်ဦး။

(ခ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၄။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ သက်တမ်းသည် ၅ နှစ် ဖြစ်သည်။

၁၅။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး သုံးလတစ်ကြိမ် ကျင်းပရမည်။ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍လည်း အစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

၁၆။ အစည်းအဝေးခေါ်ယူရာတွင် ပုံမှန်အားဖြင့် ၁၄ ရက် ကြိုတင်၍ အသိပေးဆောင်ရွက်ရမည်။ အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပါက ကြိုတင်အသိပေးရမည့်ရက်အား လျှော့ပေါ့ဆောင်ရွက်နိုင်သည်။

၁၇။ (က) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တရားဝင်စာဖြင့် လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးအပါအဝင် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်သုံးဦး တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်ဟု သတ်မှတ်သည်။

(ခ) အစည်းအဝေးသို့ တက်ရောက်လာသည့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အားလုံးသည် တစ်ဦးလျှင် မဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

(ဂ) အစည်းအဝေးဆုံးဖြတ်ချက်များအား တက်ရောက်သူများ၏ မဲအရေအတွက် အနည်းအများဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

(ဃ) အစည်းအဝေးကျင်းပတိုင်းတွင် အစည်းအဝေးမှတ်တမ်းထားရှိ၍ နောက်တစ်ကြိမ်ကျင်းပသည့် အစည်းအဝေးတွင် အတည်ပြုပေးရမည်။

(င) အစည်းအဝေးမှတ်တမ်းများအား အနည်းဆုံး ၆ နှစ်ကြာ သိမ်းဆည်းထားရမည်။

၁၈။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များသည် မိမိတို့နှင့် တစ်နည်းနည်းဆက်စပ်မှုများရှိသော တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူများရှိနေပါက ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အား ကြိုတင်၍ အသိပေးပြောကြားရမည်။

၁၉။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသည့် မည်သည့် ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိထားသူ သို့မဟုတ် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် အဖွဲ့အစည်းသည် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းရှိပါက သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်သည် ယင်းကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိထားသူ သို့မဟုတ် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် အဖွဲ့အစည်းနှင့်ပတ်သက်သည့် မည်သည့်ဆုံးဖြတ်ချက်တွင်မှ ပါဝင်ခွင့်ရှိမည်မဟုတ်သကဲ့သို့ တင်ဒါရွေးချယ်ရန် ဆုံးဖြတ်ချက်ချမည့်အစည်းအဝေးတွင်လည်း တက်ရောက်ခွင့်ရှိမည် မဟုတ်ပါ။

**ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၀။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် ဝန်ကြီးဌာနကဆောင်ရွက်မည့် အများပြည်သူအကျိုးငှာ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါတို့နှင့်ကိုက်ညီစွာ ဆောင်ရွက်ရမည် -

(က) ရန်ပုံငွေသုံးစွဲရာတွင် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များတွင်သာ မှန်ကန်အကျိုးရှိစွာ အသုံးချနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ခ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ သတ်မှတ်အချိန်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဂ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ပေးခြင်း -

(၁) လုပ်ငန်းစီမံချက် (work plan) များ ရေးဆွဲခြင်း၊

(၂) တင်ဒါခေါ်ယူခြင်း၊

(၃) စိစစ်ရွေးချယ်ခြင်း၊

(၄) အကောင်အထည်ဖော်ခြင်း၊

(၅) စောင့်ကြည့်အကဲဖြတ်ခြင်း။

(ဃ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းခွင့်ပြုချက်များအား ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့်သာ ဆောင်ရွက်ခြင်း၊

(င) ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် သတ်မှတ်ထားသည့် အသေးစိတ်အချက်အလက်များပါဝင်သော နှစ်စဉ်စာရင်းစစ်အစီရင်ခံစာများအား အများပြည်သူ သိရှိနိုင်စေရန် ဆောင်ရွက်ခြင်း၊

(စ) ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုတို့အား စနစ်တကျရှိစေရေး တာဝန်ယူဆောင်ရွက်ခြင်း၊

(ဆ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အစည်းအဝေးများအား သတ်မှတ်ချက်များနှင့်အညီ စနစ်တကျကျင်းပဆောင်ရွက်ခြင်း၊

(ဇ) နှစ်စဉ်အသုံးပြုမည့် ရန်ပုံငွေအား စနစ်တကျအသုံးပြုနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အမည်ဖြင့် ငွေစာရင်းတစ်ရပ် သီးခြားဖွင့်လှစ်ခြင်း၊

(ဈ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် လိုအပ်သည့် စရိတ်များအား ခန့်မှန်း၍ နှစ်စဉ်အသုံးပြုမည့် ရန်ပုံငွေအား လျာထားခြင်း၊

(ည) နှစ်စဉ်အသုံးပြုမည့် ရန်ပုံငွေအား ရေးဆွဲပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဋ) နှစ်စဉ်လိုအပ်သည့် ရန်ပုံငွေအား လုံလောက်စွာလျာထားရန်နှင့် လျာထားချက်ထက်ကျော်လွန် သုံးစွဲခြင်းမရှိစေရန် ဆောင်ရွက်ခြင်း၊

(ဌ) လျာထားချက်ထက် ကျော်လွန်သုံးစွဲရန်လိုအပ်ပါက ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီးမှ သုံးစွဲခြင်း၊

(ဍ) အဖွဲ့၏ စီမံခန့်ခွဲရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရန်ပုံငွေ အသုံးပြုခြင်းများအတွက် ကျွမ်းကျင်ပညာရှင်၊ လိုအပ်သော အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ စာရင်းကိုင်နှင့် အခြားအထောက်အကူပြု ပုဂ္ဂိုလ်များ ခန့်ထားခြင်းနှင့် ထုတ်ပယ်ခြင်းများ ဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

၂၁။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် နှစ်စဉ်လုပ်ငန်းအစီရင်ခံစာအား စာရင်းစစ်ဆေးပြီးစီးသော ရန်ပုံငွေ စာရင်းမိတ္တူ၊ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏အမည်ဖြင့် သီးခြားဖွင့်လှစ်ထားသော ငွေစာရင်းမိတ္တူ၊ နှစ်စဉ် စာရင်းစစ်အစီရင်ခံစာများနှင့်အတူ ပူးတွဲ၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၂။ နှစ်စဉ်လုပ်ငန်းအစီရင်ခံစာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည် -

(က) အစီရင်ခံကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အဖွဲ့ဝင်များစာရင်း၊

(ခ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဓိက ကျသော ဆုံးဖြတ်ချက်များ၊

(ဂ) အဖွဲ့ဝင်များမှ အစီရင်ခံကာလအတွင်း အတည်ပြုပေးခဲ့သော အစီအစဉ်များ၊ စီမံကိန်းများနှင့် လုပ်ငန်းများ၊

(ဃ) အစီရင်ခံကာလအတွင်း လုပ်ငန်းစာချုပ်များ ချုပ်ဆိုခဲ့သော တင်ဒါအောင်မြင်သူ ကန်ထရိုက်တာများ၊ လုပ်ငန်းများနှင့် ကန်ထရိုက်တန်ဖိုးစာရင်း၊

(င) ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊

(စ) အစီအစဉ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် ၎င်းတို့အား မည်ကဲ့သို့ ဖြေရှင်းခဲ့သည်များ၊

(ဆ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပျက်ကွက်မှုဖြစ်ပေါ်ခဲ့သော တင်ဒါ အောင်မြင်သူကန်ထရိုက်တာများစာရင်းနှင့် ပျက်ကွက်မှုများအတွက် စာချုပ်နှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့မှုများ၊

(ဇ) လုပ်ငန်းစာချုပ်များ ချုပ်ဆိုရာတွင် တင်ဒါအောင်မြင်သူ ကန်ထရိုက်တာများ၏ ပျက်ကွက်မှုများ အတွက် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအရ ကန်ထရိုက်တာများမှ ပြန်လည်ပေးလျော်ရမည့် လျော်ကြေးငွေများ၊

(ဈ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အစီရင်ခံကာလအတွင်း တွေ့ကြုံရသော အခက်အခဲများ၊

(ည) စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်များ။

၂၃။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၂၄။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရန်ပုံငွေ (USF) မဟာဗျူဟာနှင့် လုပ်ငန်းများ ရေးဆွဲခြင်း၊

(ခ) ရန်ပုံငွေ (USF) မဟာဗျူဟာ၊ လုပ်ငန်းများ၊ အစီအစဉ်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးအကြံပြုချက်များရယူခြင်း၊

(ဂ) ရန်ပုံငွေအား စနစ်တကျအကျိုးရှိစွာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါခေါ်ယူရေးကိစ္စရပ်များ ပြင်ဆင်ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးနှင့် တင်ဒါစည်းကမ်းချက်ပါ အချက်အလက်များနှင့် ကိုက်ညီစွာ အကောင်အထည်ဖော်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းအဆင့်အလိုက်ပြီးစီးမှုအား စစ်ဆေးခြင်း၊

(ဆ) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များအား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်မှုအကျိုးရလဒ်အား စောင့်ကြည့်အကဲဖြတ်ခြင်းတို့အတွက် လိုအပ်သည့်အခြားလုပ်ငန်းများဆောင်ရွက်ခြင်း။

၂၅။ ဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၅ နှင့်အညီ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

**ဘဏ္ဍာရေးစည်းမျဉ်းများ**

၂၆။ ရန်ပုံငွေသုံးစွဲမှုနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးစည်းမျဉ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများသည် သတ်မှတ်ထားသော ထည့်ဝင်ရမည့် ရန်ပုံငွေများကို ဝန်ကြီးဌာနက သီးခြားဖွင့်လှစ်ထားသော ရန်ပုံငွေ ငွေစာရင်းသို့ တိုက်ရိုက် ထည့်ဝင်ပေးသွင်းရမည်။

(ခ) ဝန်ကြီးဌာန၏ ရန်ပုံငွေအပါအဝင် နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းရန်ပုံငွေနှင့် သက်ဆိုင်ခြင်း မရှိသော အလှူငွေများ၊ ထောက်ပံ့ငွေများအပါအဝင် ရန်ပုံငွေနှင့်သက်ဆိုင်သည့် အခြားရငွေများကို ဝန်ကြီးဌာနက သီးခြားဖွင့်လှစ်ထားသော အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်း ဆိုင်ရာရန်ပုံငွေ ငွေစာရင်းသို့ တိုက်ရိုက်ပေးသွင်းရမည်။

(ဂ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် နှစ်စဉ်အသုံးပြုမည့် ရန်ပုံငွေဖြင့် နှစ်စဉ်သုံးစွဲမည့်အသုံးစရိတ်အား ရေးဆွဲပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ဃ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရွေးချယ်ထားပြီးဖြစ်သော တင်ဒါအောင်မြင်သူ ကန်ထရိုက်တာများနှင့် လုပ်ငန်းစာချုပ် ချုပ်ဆိုခြင်းကို ဆောင်ရွက်ရမည်။

(င) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများ အတွက် ကုန်ကျငွေစရိတ်များအား နှစ်စဉ်ရန်ပုံငွေခွင့်ပြုချက်နှင့်ကိုက်ညီစွာ ငွေပေးချေမှုများကို ဆောင်ရွက်ရမည်။

(စ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ အဖွဲ့ဝင်များသည် ရန်ပုံငွေနှင့်စပ်လျဉ်း၍ ငွေကြေးထုတ်ယူသုံးစွဲခွင့် ရှိသူအား ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားရှိရမည်။

(ဆ) ငွေကြေးထုတ်ယူသုံးစွဲမှုအား ကြီးကြပ်ကွပ်ကဲရေးအဖွဲ့တွင် ပါဝင်သော ဥက္ကဋ္ဌအပါအဝင် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးအပ်ထားသော အဖွဲ့ဝင်နှစ်ဦး ပူးတွဲ၍ လက်မှတ်ရေးထိုးဆောင်ရွက်ရမည်ဖြစ်ပြီး ငွေကြေးထုတ်ယူသုံးစွဲမှုများအား ဝန်ကြီးဌာနသို့ အသိပေးတင်ပြသွားရမည်။

(ဇ) နှစ်စဉ်အသုံးပြုမည့် ရန်ပုံငွေအတည်ပြုစာရင်းမှ အောက်ပါစရိတ်များအား နှစ်စဉ်အသုံးပြုမည့် အတည်ပြုရန်ပုံငွေစာရင်းမှ ကျခံရမည် -

(၁) အစည်းအဝေးစရိတ်များ၊

(၂) အဖွဲ့ဝင်များ၏ အသုံးစရိတ်အပါအဝင် အခြားစီမံခန့်ခွဲမှုစရိတ်များ၊

(၃) ပြင်ပအကြံပေးပုဂ္ဂိုလ်၏ လစာစရိတ်၊ နေထိုင်စားသောက်မှုစရိတ်နှင့် ခရီးစရိတ် စသည်များ၊

(၄) ပြင်ပမှငှားရမ်းဆောင်ရွက်သော သုတေသနလုပ်ငန်းစရိတ်၊

(၅) ပြင်ပစက်မှုပိုင်းဆိုင်ရာ စစ်ဆေးရေးကျွမ်းကျင်သူများနှင့် စစ်ဆေးရေးကျွမ်းကျင်သူအဖွဲ့များသို့ ပေးချေရမည့်စရိတ်များ၊

(၆) အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဝန်ဆောင်မှုပေးမည့် တင်ဒါအောင်မြင်သူကန်ထရိုက်တာများသို့ လုပ်ငန်းစာချုပ်နှင့်အညီ ပေးချေရမည့်စရိတ်များ။

(ဈ) ရန်ပုံငွေအား မည်သည့်အကြောင်းနှင့်မျှ ချေးငှားခြင်းမပြုရ။

(ည) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် မည်သည့်အကြောင်းနှင့်မျှ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများဆောင်ရွက်ရန်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဆောင်ရွက်ရန် သော်လည်းကောင်း ငွေချေးယူခြင်းမပြုရ။

(ဋ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် ရန်ပုံငွေအား အာမခံပစ္စည်းအဖြစ်ထားရှိခြင်းမပြုရ။

(ဌ) ရန်ပုံငွေပိုလျှံမှုရှိပါက ဝန်ကြီးဌာနသည် အဆိုပါရန်ပုံငွေအား တိုးပွားစေရန်၊ ငွေစုစာရင်းဖွင့်လှစ်အပ်နှံခြင်း၊ ငွေစုလက်မှတ်ဝယ်ယူစုဆောင်းခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များဝယ်ယူစုဆောင်းခြင်းများပြုလုပ်နိုင်ပြီး ရရှိလာသည့်အတိုးနှင့် အကျိုးအမြတ်များအား အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေစာရင်းသို့ ထည့်သွင်းရမည်။

၂၇။ နိုင်ငံတော်အတွင်း အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ပုံငွေအား ကျယ်ကျယ်ပြန့်ပြန့်ရယူသုံးစွဲနိုင်သည့် လွတ်လပ်သောရန်ပုံငွေတစ်ရပ်ဖြစ်စေရန်၊ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများနှင့် မသက်ဆိုင်သောနေရာများတွင် အသုံးပြုခြင်းမရှိစေရန်၊ အပိုဒ် ၉ ပါ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဝန်ဆောင်မှုကို အထောက်အကူဖြစ်စေမည့်လုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်စေရန်နှင့် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုများ စနစ်တကျရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဤစည်းမျဉ်း အပိုဒ် ၂၆ ပါ ဘဏ္ဍာရေးစည်းမျဉ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

**စာရင်းစစ်ခြင်း**

၂၈။ ရန်ပုံငွေ ငွေစာရင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏အမည်ဖြင့် သီးခြားဖွင့်လှစ်ထားသော နှစ်စဉ်အသုံးစရိတ်ရန်ပုံငွေအပါအဝင် ရန်ပုံငွေနှင့်သက်ဆိုင်သော ငွေစာရင်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် လွတ်လပ်သောစာရင်းစစ်အဖွဲ့ဖြင့် နှစ်စဉ် ဘဏ္ဍာရေးနှစ်ပြီးဆုံးပြီး ၃ လအတွင်း သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုခံယူရမည်။

**အထွေထွေ**

၂၉။ (က) ဤစည်းမျဉ်းသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ခ) ဝန်ကြီးဌာနသည် ဤစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

(ပုံ) သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၃၈၀/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင် (ယခင် ကချင်ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာ) အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစ၍ တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်းအား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ ညနေပိုင်းထိ တာဝန်ချိန်အထိ ပြန်လည်သတ်မှတ်၍ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့်အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ ညနေပိုင်းအထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၂။ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂၂/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သော အောက်ဖော်ပြပါ အရာထမ်းသစ် (၂၅) ဦးတို့အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် လစ်လပ်လျက် ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးနေရာများသို့ အလုပ် စတင်ဝင်ရောက်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့် ပြုလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားသည့် ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ပွင့်သစ်လှိုင် | ၉/ကပတ (နိုင်) ၁၆၄၁၅၁ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂။ | ဒေါ်ထိုက်ထိုက်အောင် | ၁၂/လသန (နိုင်) ၀၂၂၂၄၈ | ဦးစီးအရာရှိ (မြို့ပြ) |
| ၃။ | ဒေါ်သွယ်သွယ်မြင့် | ၈/စလန (နိုင်) ၁၁၅၀၃၄ | ဦးစီးအရာရှိ (မြို့ပြ) |
| ၄။ | ဒေါ်ရှင်မိုးဦး | ၁၂/ဒဂတ (နိုင်) ၀၆၆၃၂၃ | ဦးစီးအရာရှိ (မြို့ပြ) |
| ၅။ | ဒေါ်မော်မြင့် | ၈/မမန (နိုင်) ၂၁၃၈၂၄ | ဦးစီးအရာရှိ (မြို့ပြ) |
| ၆။ | ဒေါ်စိမ့်စမ်းရေ | ၅/စကန (နိုင်) ၂၄၈၇၉၉ | ဦးစီးအရာရှိ (မြို့ပြ) |
| ၇။ | ဒေါ်နီလာအောင် | ၉/အမဇ (နိုင်) ၀၂၃၂၀၂ | ဦးစီးအရာရှိ (မြို့ပြ) |
| ၈။ | ဒေါ်စန်းသီတာ | ၅/စကန (နိုင်) ၂၃၆၉၂၁ | ဦးစီးအရာရှိ (မြို့ပြ) |
| ၉။ | ဒေါ်သက်ဝေစိုး | ၈/ခမန (နိုင်) ၁၅၉၆၅၁ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၀။ | ဒေါ်စုစုချစ် | ၅/ဝလန (နိုင်) ၁၆၄၆၈၅ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၁။ | ဒေါ်ဆုသန္တာ | ၇/သဝတ (နိုင်) ၀၉၇၈၆၅ | ဦးစီးအရာရှိ (မြို့ပြ) |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | ခန့်ထားသည့် ရာထူး |
|---|---|---|---|
| ၁၂။ | ဒေါ်ယမုံစန္ဒာဝင်း | ၉/ပကခ (နိုင်) ၀၂၃၈၆၄ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၃။ | ဒေါ်ခင်မြတ်နိုးဝေ | ၁၄/ပသန (နိုင်) ၂၃၆၄၅၆ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၄။ | ဒေါ်အိအိမိုး | ၈/ရနခ (နိုင်) ၁၂၈၆၅၈ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၅။ | ဒေါ်နှင်းမြတ်ဖြူအောင် | ၅/ယမပ (နိုင်) ၀၉၄၃၆၂ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၆။ | ဒေါ်အိမွန်မွန်သူ | ၇/မညန (နိုင်) ၀၇၃၄၆၂ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၇။ | ဒေါ်ငြိမ်းမြင့်သူ | ၉/ခအဇ (နိုင်) ၀၁၅၆၂၈ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၈။ | ဒေါ်ထက်ရူပါရွှေ | ၉/ပမန (နိုင်) ၂၃၃၆၈၀ | ဦးစီးအရာရှိ (မြို့ပြ) |
| ၁၉။ | ဒေါ်နန့်အေမီမီအောင် | ၁၄/ဓနဖ (နိုင်) ၁၀၃၅၇၅ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၀။ | ဒေါ်လင်းနေခြည်အောင် | ၁/မကန (နိုင်) ၁၃၆၄၂၇ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၁။ | ဒေါ်ရွှေရည်ထွန်း | ၉/မထလ (နိုင်) ၃၀၉၀၁၄ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၂။ | ဒေါ်ဝိုင်လေးသန့် | ၉/ခမစ (နိုင်) ၀၂၄၉၉၈ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၃။ | ဒေါ်မြတ်သန္တာအောင် | ၈/ရနခ (နိုင်) ၁၁၂၀၄၈ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၄။ | ဒေါ်ယမင်းအဥ္ဇလီ | ၁၂/လကန (နိုင်) ၁၉၃၇၃၀ | ဦးစီးအရာရှိ (မြို့ပြ) |
| ၂၅။ | ဒေါ်ဆုမွန်ကိုကို | ၉/ပမန (နိုင်) ၂၃၇၂၆၀ | ဦးစီးအရာရှိ (မြို့ပြ) |

## အမိန့်ကြော်ငြာစာအမှတ် (၄၁၀/၂၀၁၈)

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သော အောက်ဖော်ပြပါ အရာထမ်းသစ် (၁၀) ဦးတို့အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ/ဘဏ္ဍာ) ရာထူးနေရာများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | ခန့်ထားသည့် ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်အိသီရိဇော် | ၉/ပဥလ (နိုင်) ၀၃၈၈၅၄ | ဦးစီးအရာရှိ (စီမံ) |
| ၂။ | ဒေါ်စန္ဒာနွေးနွေးခိုင် | ၇/ပခန (နိုင်) ၃၄၁၄၂၀ | ဦးစီးအရာရှိ (စီမံ) |
| ၃။ | ဒေါ်စုရည်မင်း | ၈/စလန (နိုင်) ၁၆၁၉၄၁ | ဦးစီးအရာရှိ (စီမံ) |
| ၄။ | ဒေါ်အိသဥ္ဇာခိုင် | ၁၂/သကတ (နိုင်) ၁၅၉၉၄၈ | ဦးစီးအရာရှိ (စီမံ) |
| ၅။ | ဒေါ်ဝတ်ရည်တိုး | ၈/မကန (နိုင်) ၂၀၃၀၇၉ | ဦးစီးအရာရှိ (စီမံ) |
| ၆။ | ဒေါ်ရည်မွန်ငြိမ်း | ၉/ခမစ (နိုင်) ၀၃၇၄၇၁ | ဦးစီးအရာရှိ (စီမံ) |
| ၇။ | ဦးတေဇာဘုန်းဝင်း | ၉/ပမန (နိုင်) ၂၃၆၃၇၈ | ဦးစီးအရာရှိ (စီမံ) |
| ၈။ | ဒေါ်ပွင့်သူခိုင် | ၇/မလန (နိုင်) ၀၉၇၉၄၈ | ဦးစီးအရာရှိ (စီမံ) |
| ၉။ | ဒေါ်လင်းလင်းထိုက် | ၁၂/ကမတ (နိုင်) ၀၆၈၃၂၃ | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| ၁၀။ | ဒေါ်ငြိမ်းငြိမ်းထက် | ၅/ကသန (နိုင်) ၁၀၅၄၅၂ | ဦးစီးအရာရှိ (ဘဏ္ဍာ) |

## အမိန့်ကြော်ငြာစာအမှတ် (၄၁၁/၂၀၁၈)

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သော အောက်ဖော်ပြပါ အရာထမ်းသစ် (၁၇) ဦးတို့အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (ဘဏ္ဍာ/ဥပဒေ) ရာထူးနေရာများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | ခန့်ထားသည့် ရာထူး၊ နေရာ |
|---|---|---|---|
| ၁။ | ဦးကျော်ဇင်မင်းထွန်း | ၉/ပမန (နိုင်) ၁၉၃၄၁၆ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၂။ | ဒေါ်စုဝင်းမွန် | ၁၂/မရက (နိုင်) ၁၁၀၁၂၀ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၃။ | ဒေါ်နွယ်နွယ်အုန်းမောင် | ၁၂/မဂတ (နိုင်) ၀၈၄၃၂၃ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၄။ | ဦးစောသိန်းစိုး | ၁၀/ပမန (နိုင်) ၁၃၁၂၄၁ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၅။ | ဒေါ်အေးစန္ဒာ | ၁၄/ဝခမ (နိုင်) ၁၄၅၉၄၄ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၆။ | ဒေါ်ပွဲပွဲထွန်း | ၁/မညန (နိုင်) ၁၃၆၀၇၄ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၇။ | ဒေါ်နွေမွန်မွန်ဇော် | ၁၂/မဂဒ (နိုင်) ၁၂၅၃၄၉ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၈။ | ဒေါ်ဝေဝေအောင် | ၇/ပခန (နိုင်) ၃၅၃၀၁၃ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၉။ | ဒေါ်စောယုမာ | ၁၂/ဥကမ (နိုင်) ၁၈၇၆၇၂ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၀။ | ဦးမျိုးဝင်းအောင် | ၁၁/မပတ (နိုင်) ၀၅၀၇၉၇ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၁။ | ဒေါ်ခင်မာဝေ | ၈/စလန (နိုင်) ၁၄၈၁၈၆ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၂။ | ဒေါ်ယဉ်ယဉ်အောင် | ၅/မရန (နိုင်) ၂၆၅၂၅၃ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၃။ | ဒေါ်ဖြိုးအိအိစိုး | ၈/မထန (နိုင်) ၀၉၇၂၄၂ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၄။ | ဒေါ်မေခန့်ဖွန်မောင် | ၉/ပမန (နိုင်) ၂၁၅၄၄၈ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၅။ | ဒေါ်ခင်သဇင်ထွန်း | ၁၄/ပသန (နိုင်) ၁၈၂၀၈၁ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၆။ | ဒေါ်ငွေငွေအောင် | ၅/မရန (နိုင်) ၂၉၉၅၉၄ | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| ၁၇။ | ဒေါ်သင်းသင်းဝေ | ၈/စလန (နိုင်) ၁၂၃၇၆၁ | လက်ထောက်မန်နေဂျာ (ဥပဒေ) |

## အမိန့်ကြော်ငြာစာအမှတ် (၄၁၂/၂၀၁၈)

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သော အောက်ဖော်ပြပါ အရာထမ်းသစ် (၈) ဦးတို့အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (အင်/ယာ) ရာထူးနေရာများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | ခန့်ထားသည့် ရာထူး |
|---|---|---|---|
| ၁။ | ဦးရဲလင်းကိုကို | ၁၂/တကန (နိုင်) ၁၆၄၇၀၁ | လ/ထမန်နေဂျာ (အင်/ယာ) |
| ၂။ | ဦးဝေဇင်ဦး | ၁၂/တကန (နိုင်) ၁၄၂၂၈၉ | လ/ထမန်နေဂျာ (အင်/ယာ) |
| ၃။ | ဦးအောင်ဇော်လင်း | ၁၁/သတန (နိုင်) ၀၈၈၂၂၆ | လ/ထမန်နေဂျာ (အင်/ယာ) |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | ခန့်ထားသည့် ရာထူး |
|---|---|---|---|
| ၄။ | ဦးဇင်မိုးဦး | ၉/ပကခ (နိုင်) ၀၂၆၂၁၄ | လ/ထမန်နေဂျာ (အင်/ယာ) |
| ၅။ | ဦးကျော်သူရကို | ၁၂/လမန (နိုင်) ၁၆၄၃၈၆ | လ/ထမန်နေဂျာ (အင်/ယာ) |
| ၆။ | ဦးဝေဖြိုးအောင် | ၇/ပခန (နိုင်) ၃၀၉၂၀၅ | လ/ထမန်နေဂျာ (အင်/ယာ) |
| ၇။ | ဒေါ်သီဟန်ထွန်း | ၉/မထလ (နိုင်) ၂၅၇၉၂၇ | လ/ထမန်နေဂျာ (အင်/ယာ) |
| ၈။ | ဒေါ်ဆုမြတ်လွင် | ၁၂/မဘန (နိုင်) ၁၃၄၁၁၉ | လ/ထမန်နေဂျာ (အင်/ယာ) |

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့မှ Max Energy Co.,Ltd. (မြင်းမူ) စက်သုံးဆီအရောင်းဆိုင် အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့မှ Max Energy Co.,Ltd. (မြင်းမူ) စက်သုံးဆီအရောင်းဆိုင် အား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၁၈)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ Advans MFI Myanmar Co.,Ltd. အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ Advans MFI Myanmar Co.,Ltd. အား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၈)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာမှ သမဝါယမဘဏ်လီမိတက် (မြိုင်-ဗဟင်းဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာမှ သမဝါယမဘဏ်လီမိတက် (မြိုင်-ဗဟင်းဘဏ်ခွဲ) အား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၁၈)

၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၇ (ခ) နှင့် ၂၀ (ခ) တို့အရ ခုံသမာဓိကောင်စီနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့များ၏ သက်တမ်းသည် နှစ်နှစ်ပြည့်ပြီးဖြစ်သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့အသစ်များအား အတည်မပြုသေးမီကာလအထိ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော မူလခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့များက ၎င်းတို့၏တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်၊ သီပေါမြို့နယ်ရှိ ကျော်စံ စက်သုံးဆီအရောင်းဆိုင် (သီပေါ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်၊ သီပေါမြို့နယ်ရှိ ကျော်စံ စက်သုံးဆီအရောင်းဆိုင် (သီပေါ) အား ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၈)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မကွေးတိုင်းဒေသကြီး၊ ကသစ်ကန်ကျေးရွာမှ ကျော်စံ စက်သုံးဆီအရောင်းဆိုင်အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မကွေးတိုင်းဒေသကြီး၊ ကသစ်ကန်ကျေးရွာမှ ကျော်စံ စက်သုံးဆီအရောင်းဆိုင် အား မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးသည့် အောက်ပါပြင်ပပုဂ္ဂိုလ် (၃) ဦးအား စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပေးပို့သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစတင်၍ ကုန်သွယ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်အမှတ်** | **အဘအမည်** |
|---|---|---|---|
| ၁။ | ဒေါ်အေးမြခိုင် | ၉/ခအဇ (နိုင်) ၀၃၁၆၉၇ | ဦးစိုးလှသိန်း |
| ၂။ | ဒေါ်နွေးနန္ဒာထွန်း | ၁/မကန (နိုင်) ၁၃၈၈၇၃ | ဦးအောင်သန်းဦး |
| ၃။ | ဒေါ်အိမ့်သဇင်ခိုင် | ၁၂/သဃက (နိုင်) ၁၈၉၄၇၃ | ဦးစိန်ဝင်း |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးသည့် အောက်ပါပြင်ပပုဂ္ဂိုလ် (၇) ဦးနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပြီးသူ (၅) ဦးအား စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပေးပို့သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစတင်၍ စားသုံးသူရေးရာဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်အမှတ်** | **အဘအမည်** |
|---|---|---|---|
| ၁။ | ဒေါ်ဟန်နီစိုး | ၈/မကန (နိုင်) ၂၃၁၁၉၀ | ဦးစိုးလွင် |
| ၂။ | ဒေါ်အေးမြင့်ငြိမ်း | ၅/ကလဝ (နိုင်) ၀၄၃၆၆၉ | ဦးထွန်းကြည် |
| ၃။ | ဒေါ်ဝါဝါထွန်း | ၈/မကန (နိုင်) ၁၄၈၁၅၉ | ဦးမြင့်ဆွေ |
| ၄။ | ဒေါ်အေးငြိမ်းစံ | ၉/ပသက (နိုင်) ၀၈၇၉၅၄ | ဦးခင်တိုး |
| ၅။ | ဒေါ်ဝါဝါမြိုင် | ၁၁/မအန (နိုင်) ၀၅၂၂၉၆ | ဦးဗိုလ်စိန် |
| ၆။ | ဒေါ်ဟန်သီစုနိုင် | ၁၂/မဘန (နိုင်) ၁၂၅၄၈၆ | ဦးသန်းနိုင် |
| ၇။ | ဒေါ်ယဉ်မင်းဇော် | ၁/ဗမန (နိုင်) ၀၇၄၈၂၁ | ဦးမြင့်ဇော် |
| ၈။ | ဒေါ်အေးအေးကလျာအောင် | ၈/အလန (နိုင်) ၁၇၃၂၅၀ | ဦးကျော်လှ |
| ၉။ | ဒေါ်မြတ်လဲ့လဲ့မွန် | ၁၁/ရဗန (နိုင်) ၀၆၄၆၈၀ | ဦးပုတ် |
| ၁၀။ | ဒေါ်အိအိခိုင် | ၈/ပခက (နိုင်) ၂၂၅၈၁၉ | ဦးဝင်းခင် |
| ၁၁။ | ဒေါ်သီ | ၈/ပမန (နိုင်) ၁၂၁၅၀၈ | ဦးလှညွန့် |
| ၁၂။ | မနှင်းအိအောင် | ၈/စလန (နိုင်) ၁၄၇၃၉၅ | ဦးအောင်မြင့် |

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

အမှတ် ၆၇ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၈/၁၂၂၁၉ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ သားဖွားမီးယပ်ဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာစမ်းစမ်းမြင့် (ဆမ-၉၉၀၉) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၆၈ ။ ။ ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

အမှတ် ၆၉ ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယပါမောက္ခ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| ဦးဝင်းစိုး (တဆ-၇၇၅)<br>ဒုတိယပါမောက္ခ<br>ဆေးဝါးဗေဒဌာန<br>တိုင်းရင်းဆေးတက္ကသိုလ်<br>မန္တလေးမြို့ | ပါမောက္ခ<br>ဆေးဝါးဗေဒဌာန<br>တိုင်းရင်းဆေးတက္ကသိုလ်<br>မန္တလေးမြို့ |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

အမှတ် ၇၀ ။ ။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခေမာမြ (ဆမ-၉၆၆၃) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၇၁ ။ ။ ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ရွှေ အား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး ၂ ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်အိအိခင်

(၂) ဒေါ်မိမိ

### အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) ၏ သဘောတူညီချက်အရ ကယားပြည်နယ်လွှတ်တော်ရုံးမှ

အောက်ပါ ဒုတိယဦးစီးမှူး (၂) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်ဌေးမြာ

(၂) ဒေါ်မိုးပပအောင်

## အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၁၈)

၁။ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းဝင်း အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၈၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ မီးရထားရပ်ကွက်၊ ကွင်းအမှတ်/အမည်- ၇၉၇/ရွာထောင်အရှေ့၊ မြေကွက်အမှတ် (၁၅၅/၃၆၅) မှ **မြေဧရိယာ (၁. ၀၅) ဧက** အား **ဣန္ဒကာရာမ ကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၆/၂၈၊ လေးကျွန်းမြေမြောက်၊ ဦးပိုင်အမှတ် (၁၀ က-၃) မှ **မြေဧရိယာ (၀. ၃၃၆) ဧက** အား **ဓမ္မရက္ခိတ (၂) ကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၄-FGI)၊ မြေကွက်အမှတ် (၁၃၆၉) ရှိ **မြေဧရိယာ (၀. ၀၄၂) ဧက** အား **မင်းကင်းကျောင်းတိုက်**

မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ် (၉) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၉-K-1/အောက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ် (၂) ရှိ **မြေဧရိယာ (၁၇. ၁၀၄) ဧက** အနက်မှ **(၀. ၀၃၆) ဧက** အား **ခရစ်ယာန်သာသနာဓမ္မရိပ်သာဘုရားရှိခိုးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ အောင်ကောင်းညွန့်ကျေးရွာအုပ်စု၊ မမောက်ရွာသစ်ကျေးရွာ၊ ကွင်းအမှတ်/အမည် (၂၈၈/ကန့်ဘလာမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၆၄/၂) မှ မြေဧရိယာ (၀. ၄၂) ဧကနှင့် ဦးပိုင်အမှတ် (၆၄/၃) မှ မြေဧရိယာ (၂. ၉၂) ဧက၊ **စုစုပေါင်းမြေဧရိယာ (၃. ၃၄) ဧက** အား **မမောက်ရွာသစ်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

အမှတ် ၁၃၃/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ကျော်အုန်း ကြည်း ၇၃၃၂၆

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

အမှတ် ၁၃၄/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ထွန်းထွန်းဦး ကြည်း ၇၃၃၂၇

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

အမှတ် ၁၃၅/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ကျော်ဝင်း ကြည်း ၇၃၃၂၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

အမှတ် ၁၃၆/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) ကျော်လှိုင် ကြည်း ၇၃၃၂၉
(၂) ဝင်းမြင့် ကြည်း ၇၃၃၃၀

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

အမှတ် ၁၄၅/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

သက်နိုင်ဦး ကြည်း ၇၃၃၃၁

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

အမှတ် ၁၄၉/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) ရဲထွန်း ကြည်း ၇၃၃၃၂ ၂၀-၁၀-၂၀၁၈
(၂) ဌေးအုံး ကြည်း ၇၃၃၃၃ ၂၁-၁၀-၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

အမှတ် ၁၅၀/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

သန်းထွေး ကြည်း ၇၃၃၃၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

အမှတ် ၅။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး အား အစမ်းခန့် ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်။

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

မန္တလေးမြို့၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

အမှတ် ၁၉၄။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်စွဲပါ စာအမှတ် (သစ်တော) ၂ (၁)/၀၈ (က) (၄၀၅၅/၂၀၁၈) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် သန္တေဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးရုံးချုပ်၊ အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး-၁ အား အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀- ၃၉၄,၀၀၀) ရာထူးနေရာသို့ ညွှန်ကြားရေးမှူး အလုပ်တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

ငွေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

အမှတ် ၃၂၂။ ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသည့် (၂၃/၂၀၁၈) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနရုံးချုပ်၊ အုပ်ချုပ်ရေးဌာနစိတ်မှ လက်ထောက်အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ဒေါ်ခင်မြတ်မြတ်နွယ် အား ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနရုံးချုပ်၊ လုပ်ငန်း ဌာနစိတ်တွင် တာဝန်ချထားလိုက်သည်။

ခင်စန်း၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

## အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

အမှတ် ၆၅၀ ။ ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈) ၏ သဘောတူညီချက်အရ တောင်ကုတ်ဒီဂရီကောလိပ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မြင့်ဇင် (ရ-၃၁၈၂) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါက်တာခင်မြင့်ဇင် အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၆၅၁ ။ ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈) ၏ သဘောတူညီချက်အရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာသက်သက်ထွဏ်း (ရ-၃၅၃၄) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါက်တာသက်သက်ထွဏ်း အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

အမှတ် ၅၃ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ - ၁/၂/၄ - ၁ (၇၃၈၄/၂၀၁၈) အရ မြန်မာ့စီးပွားရေးဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ခင်ချိုဦး (ID - 00016) အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အထွေထွေမန်နေဂျာ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါ ရုံးအမိန့်စာမရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။)

ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ်။

## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**အမိန့်အမှတ် (၁၃၄/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၇၉၂၁/၂၀၁၈) ခွင့်ပြုချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ရုံးများမှ အောက်ဖော်ပြပါ စိစစ်ရေးမှူး -၂ များအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိ ရာထူး လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်နှင်းယုဆွေ |
| ၂။ | ဒေါ်မြတ်မွန်ဦး |
| ၃။ | ဦးထွန်းမင်းစိုး |
| ၄။ | ဒေါ်သူဇာဝင်း |
| ၅။ | ဒေါ်မေသူလွင် |
| ၆။ | ဒေါ်နန်းဇပရယ် |
| ၇။ | ဦးလူအေးကျော် |
| ၈။ | ဒေါ်ဖြူဖြူခက် |
| ၉။ | ဒေါ်ခိုင်မြတ်သွယ် |

နွဲ့နွဲ့ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန။

## ပြည်တွင်းအခွန်များဦးစီးဌာန

**လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်**

**အမှတ် ၂/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**လှူဒါန်းငွေနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က ပါပြဋ္ဌာန်းချက် အလို့ငှာ ဝင်ငွေခွန် တွက်ချက်မှုတွင် နုတ်ပယ်ခွင့်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေအဖြစ် သတ်မှတ်ခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဝင်ငွေခွန် တွက်ချက်မှုတွင် နုတ်ပယ်ခွင့် ခွင့်ပြုသည့် ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ယင်းကိစ္စများနှင့်သက်ဆိုင်သည့်ရန်ပုံငွေ လှူဒါန်းထည့်ဝင်ငွေအဖြစ် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ မည်သို့ လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် ထုတ်ပြန်သတ်မှတ်ရခြင်းဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤ လိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က အရ အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်ခွင့်ပြုသော လှူဒါန်းထည့်ဝင်ငွေနှင့်စပ်လျဉ်း၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်း သို့မဟုတ် ယင်းကိစ္စများနှင့်သက်ဆိုင်သည့် ရန်ပုံငွေဟု ဆိုရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့ကျင့်သုံး ဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်မည့်သူများ**

၃။ ဤ လိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် ဝင်ငွေခွန်တွက်ချက်မှုတွင် စုစုပေါင်းဝင်ငွေမှ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ယင်းကိစ္စများနှင့်သက်ဆိုင်သည့် ရန်ပုံငွေသို့ လှူဒါန်းထည့်ဝင်ငွေကို စရိတ်အဖြစ် နုတ်ပယ်ခွင့် တင်ပြတောင်းခံသည့် အခွန်ထမ်းအားလုံး အပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က တွင် "ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်း ထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့ လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေထက် မပိုစေရ။" ဟု ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ကုသိုလ်ရေး ဆိုသည်နှင့်စပ်လျဉ်း၍ ရှင်းလင်းချက်အဖြစ် "ကုသိုလ်ရေး ဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲ နွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများပါဝင်သည်။" ဟု ရှင်းလင်းပြဋ္ဌာန်းထားပါသည်။

**လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်**

၅။ **ကုသိုလ်ရေးဆိုင်ရာ လုပ်ဆောင်မှု သတ်မှတ်ချက်များ။** ကုသိုလ်ရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ လုပ်ဆောင်မှုများသည် အောက်တွင်ဖော်ပြထားချက်များအနက် တစ်ချက်ချက်နှင့် ကိုက်ညီသည့် အများပြည်သူ အကျိုးအတွက် လုပ်ဆောင်မှု ဖြစ်ရမည်။ ထို့အပြင် အဖွဲ့အစည်း၏ လုပ်ဆောင်မှုများသည် အများပြည်သူအကျိုးအတွက် လုပ်ဆောင်ခြင်းမှ သွေဖည်ခြင်း မရှိစေရ သို့မဟုတ် အများပြည်သူဆိုင်ရာ မူဝါဒနှင့် ဆန့်ကျင်ခြင်းမရှိစေရ -

(က) ဘာသာရေး၊
(ခ) ပညာရေး၊
(ဂ) ကျန်းမာရေး၊
(ဃ) ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး။

၆။ **ပညာရေး**ဆိုင်ရာ လုပ်ဆောင်ချက်ဆိုသည်တွင် အများပြည်သူကို ဗဟိုပြုသည့် လုပ်ဆောင်မှု ဖြစ်ရမည်။ အောက်ပါ လုပ်ဆောင်မှုများသည် သီးခြားအစုတစ်စု (exclusive group) တွင်သာ အကျိုးဝင်ပြီး အများပြည်သူအကျိုးတွင် အကျိုးမဝင်သော ပညာရေးဆိုင်ရာ လုပ်ဆောင်မှုများဖြစ်ပါသည် -

(က) သီးခြား တစ်ဦးချင်းပုဂ္ဂိုလ်များ၏ ပညာရေးအတွက် ဆောင်ရွက်ပေးခြင်း၊
(ခ) သီးခြားကျွမ်းကျင်လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသည့်သူများကို ကာကွယ်ရန်နှင့် အကျိုးဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊
(ဂ) မိမိဝန်ထမ်းများ၏ သားသမီးများကို ပညာရေးဆိုင်ရာ ခံစားခွင့်များပေးခြင်း။

၇။ အများပြည်သူ **ကျန်းမာရေး** မြှင့်တင်ထိန်းသိမ်းခြင်းကို အထောက်အကူပြု လုပ်ဆောင်မှုသည် ကုသိုလ်ရေးဆိုင်ရာ လုပ်ဆောင်မှုတွင် အကျုံးဝင်မည်ဖြစ်သည်။ မိမိဝန်ထမ်းများ၏ ကျန်းမာရေးအတွက်ကဲ့သို့ သီးခြားအစုတစ်စု (exclusive group) ၏ ကျန်းမာရေးအတွက် လုပ်ဆောင်မှုသည် အများပြည်သူအကျိုးတွင် အကျုံးဝင်မည် မဟုတ်ပါ။

၈။ **ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး** ဆိုရာတွင် အများပြည်သူကို ဗဟိုပြုသည့် လုပ်ဆောင်မှုဖြစ်ရမည်။ အထူးသဖြင့် ဆင်းရဲသူများ၊ အိုမင်း ရင့်ရော်သူများ၊ နာမကျန်းသူများ၊ မသန်စွမ်းသူများ သို့မဟုတ် အကူအညီမဲ့သူများကဲ့သို့ ဆင်းရဲနွမ်းပါးသူ များကို အလေးပေး ကယ်ဆယ်စောင့်ရှောက်ခြင်းဖြစ်ရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မြန်မာအရင်းအမြစ် စွမ်းအင် ကုမ္ပဏီလီမိတက်**

**(MYANMAR SOURCE ENERGY CO.,LTD)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

အစုရှယ်ယာရှင်၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့ အထူးဆုံးဖြတ်ချက်အရ **မြန်မာအရင်းအမြစ် စွမ်းအင် ကုမ္ပဏီလီမိတက်** အား စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် B.A (English) R.L, Advocate (Registration No.4647)၊ တိုက်အမှတ်-စီ ၁၊ အခန်း-၀၀၅၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၈. ၂. ၂၀၁၉) နေ့ထက်နောက်မကျဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်သည်။

U Kyaw Kyaw Htun @
George Yin Soon
Managing Director
Myanmar Source Energy Co.,Ltd.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal & Tax Consultants Ltd.
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**Myanmar Fritz Werner Industries Co., Ltd** ကို

အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **Myanmar Fritz Werner Industries Co., Ltd (မြန်မာဖရစ်ဝါနာ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်)** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၃. ၅. ၂၀၁၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ဝင်း (Certified Public Accountant, Auditor & Financial Consultant) အမှတ် (၂၆၈)၊ အခန်း (၁၀)၊ (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၈. ၂. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးနိုင်မင်းကြူ
မန်နေးဂျင်းဒါရိုက်တာ
Myanmar Fritz Werner Industries Co., Ltd.

ဦးစိန်ဝင်း
(Certified Public Accountant,
Auditor & Financial Consultant)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Sein Win & Associate Consulting Ltd.

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၈-၁-၂၀၁၉။